# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဧပြီ ၃

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် BIMSTEC အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ နီပေါနိုင်ငံဝန်ကြီးချုပ်က မကြာခင်က မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မိမိနှင့်အတူ နီပေါပြည်သူများက မြန်မာပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆေးကုသရေးအဖွဲ့များအပါအဝင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၅ ခုနှစ်အတွင်း ငလျင်လှုပ်ခတ်ခဲ့စဉ်ကလည်း သေဆုံးသူ ၉၀၀၀ ကျော်ခန့်ရှိပြီး ထိခိုက်သူ ၂၃၀၀၀ ကျော်ရှိခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ နီပေါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၁ ➲*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli တို့ တွေ့ဆုံဆွေးနွေးစဉ်။


ယနေ့ *ဖတ် စ ရာ*

**သတိပြုဆောင်ရွက်ရတော့မည့် လုပ်ငန်းခွင်အပူဒဏ်အန္တရာယ်** ဆောင်းပါး စာ ၁၀

**နိုင်ငံရေးပါတီ (၂၉) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်** ကြေညာချက် စာ ၁၅

**ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ** ပြည်တွင်းသတင်း စာ ၁၆




# အကြမ်းဖက်နှင့် ပြည်ဖျက်တို့ မုချမသွေ ကျဆုံးရမည်သာ

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော ငလျင်နှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန် ဖြစ်ပွားသည့်ဒေသများအားလုံးကို အရေးပေါ်အခြေအနေ ကြေညာပြီး ပြည်ပအကူအညီများ ပေးနိုင်ရန်အတွက်လည်း နိုင်ငံတော်က လမ်းဖွင့်ပေးထားခဲ့သည်။ ပြည်တွင်းပြည်ပ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို လာရောက်ကူညီနိုင်ရန်လည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဖိတ်ကြားခဲ့သည်။

ယခုအခါ ငလျင်ဒဏ်သင့်ဒေသများတွင် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တရုတ်(ဟောင်ကောင်) စသည့်နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးဝန်ထမ်း ၁၅၆၆ ဦးတို့က ကယ်ဆယ်ရေးလုပ်ငန်းများကို စေတနာထက်သန်စွာနှင့် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြရာ မိမိတို့မြန်မာပြည်သူများကလည်း လွန်စွာကျေးဇူးတင်လျက်ရှိကြသည်။ ငလျင်ဒဏ်ခံပြည်သူများအား နိုင်ငံတကာမှ ရောက်ရှိလာကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးဝန်ထမ်းအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက် ကူညီကယ်ဆယ်မှုများအပေါ် မြန်မာပြည်သူတို့၏ မြန်မာ့စိတ်ရင်းဖြင့် တုံ့ပြန်လောကဝတ်ပြုမှုများမှာလည်း လူမှုကွန်ရက်များပေါ်တွင် ကြည်နူးဖွယ်ရာ ပေါ်ထွက်လာခဲ့သည်။

နိုင်ငံတော်အနေဖြင့် မြေငလျင်နှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများကို လက်ခံရာတွင် သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများ၊ စစ်သံရုံးများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ကြခြင်းဖြစ်ပြီး အမြဲတမ်းလမ်းဖွင့်ထားကာ လက်ကမ်းကြိုဆိုနေခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်း အင်အားအလွန်ပြင်းထန်သည့်ငလျင်ကြောင့် ပြည်သူများထောင်နှင့်ချီ၍ သေဆုံး၊ ဒဏ်ရာရခဲ့ကြပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ ဆုံးရှုံးမှုဖြစ်ပေါ်နေရသည့်အပေါ် နိုင်ငံတော်က ရှိသမျှအင်အားတို့ကို စုစည်း၍ ပြည်သူများ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်သူများနှင့်လက်တွဲကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေ့ရောညပါ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေရချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ယင်းအခြေအနေကို အခွင့်ကောင်းယူ၍ အဖျက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ ငလျင်ဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားနေကြရသည့် ပြည်သူများ၏အရေးထက် ၎င်းတို့၏အရေးကိုသာ ရှေ့တန်းတင်ကာ စာနာထောက်ထားစိတ်ကင်းမဲ့စွာဖြင့် နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်မှုများကို ကောက်ကျစ်စဉ်းလဲစွာ ပြုလုပ်ခဲ့ကြသည်။

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက လျှပ်စစ်ဓာတ်အားခွဲရုံ၊ အင်အားအနည်းငယ်သာရှိသည့် လုံခြုံရေးကင်းစခန်းတို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကူညီကယ်ဆယ်ရေးယာဉ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းတို့ ပြုလုပ်လာခဲ့ကြရာ တပ်မတော်က ဟန့်တားဆောင်ရွက်မှုတို့ ပြုလုပ်ခဲ့ရသည်။ နိုင်ငံအတွင်း အကျပ်အတည်းအခက်အခဲကြုံနေရချိန်ကို အခွင့်အရေးအဖြစ်အသုံးချရန် ပြည်ဖျက်မီဒီယာများက အကြံပေးတိုက်တွန်းခဲ့ကြပြီး တပ်မတော်၏ဟန့်တားဆောင်ရွက်မှုကိုမူ ငလျင်ဒဏ်သင့်နေချိန်၌ပင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှု ဆက်လက်ပြုလုပ်နေသည်ဟူ၍ အကြောင်းရင်းကိုထိမ်ချန်ကာ တစ်ဖက်သတ်လုပ်ကြံရေးသားခဲ့ကြသည်။ ထို့အပြင် တပ်မတော်နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူတို့ ထိတွေ့တိုက်ခိုက်နေကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ် အုန်းမတီးရွာအနီးတွင် ဧပြီ ၁ ရက် ည ၉ နာရီခန့်က မော်တော်ယာဉ်ကိုးစီးခန့်ပါဝင်သည့် ယာဉ်တန်းကိုစစ်ဆေးရန် တားဆီးခဲ့ရာ မရပ်တန့်ခြင်းကြောင့် သေနတ်သုံးချက် မိုးပေါ်ထောင်ပစ်ဖောက်ခဲ့ခြင်း ဖြစ်စဉ်နှင့်စပ်လျဉ်း၍ တရုတ်ကြက်ခြေနီအသင်းယာဉ်တန်းကို တပ်မတော်က ပစ်ခတ်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက လုပ်ကြံစွပ်စွဲခဲ့ကြပြန်သည်။

အထက်ပါဖြစ်စဉ်များတွင် PDF များနှင့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များမှာ ပြည်သူတို့ မကြုံစဖူးခံစားနေကြရသော ငလျင်ဘေးကို အလေးဂရုပြုရန်ထက် ၎င်းအဖွဲ့အစည်းတို့၏ နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်ကိုသာ ဦးတည်ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။ ပြည်ဖျက်မီဒီယာများမှာလည်း ထိုနည်းတူစွာ နိုင်ငံအကျိုး၊ ပြည်သူအကျိုးထက် သတင်းတု၊ သတင်းအမှားများဖြင့် နိုင်ငံပျက်စီးရေးကိုသာ ဇောင်းပေးရေးသားထုတ်လွှင့်ခဲ့ကြသည်။ မည်သူမပြု မိမိမှုဟူသော ဆိုရိုးကဲ့သို့ပင် မိမိတို့ပြုသမျှကံကို မိမိတို့သာခံစားကြရစမြဲဖြစ်ရာ နိုင်ငံနှင့် ပြည်သူကို ဖျက်ဆီးနေသူ ဟူသမျှသည်လည်း မုချမသွေကျဆုံးကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

### သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၅)

၁။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်နှင့် ယင်း၏နောက်ဆက်တွဲ ငလျင်များကြောင့် များစွာသော အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှု၊ ပူဆွေးသောကရောက်မှုများအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့်ထပ်တူ စိတ်ထိခိုက်ဝမ်းနည်းကြေကွဲရပါသည်။

၂။ ငလျင်ဒဏ်ခံစားခဲ့ရသော ဒေသများတွင် တိုက်တာအဆောက်အအုံများ၊ လူနေအိမ်များ၊ အစိုးရရုံးများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ဘုရားပုထိုးစေတီများ၊ ဘာသာရေးအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံများနှင့် လမ်းတံတား၊ ရေတွင်းရေကန်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုဖြစ်ပွားချိန်မှစတင်၍ နိုင်ငံတော်အစိုးရ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် မိဘပြည်သူများက အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်း၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် ဆေးဝါးပစ္စည်းစသည်တို့ကို ရက်ရောစွာပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ထိခိုက်ခံစားရသူများအတွက် စိတ်ဓာတ်ခွန်အားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်လက်တွဲကာ ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးရေးအတွက် တတ်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်မှ ၂၂ ရက်နေ့အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ခြင်းသည် ငလျင်ဒဏ် ခံစားရသည့် ဒေသများ၌ အရေးပေါ်လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးကူညီရန် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူ့အခွင့်အရေး အခန်းကဏ္ဍများကို အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ချက်အား ကော်မရှင်က ကြိုဆိုအပ်ပါသည်။

၄။ ပြင်းထန်ငလျင်ဒဏ်ကြောင့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် လုံခြုံမှုထိခိုက်ဆုံးရှုံးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသောရေအပါအဝင် အခြေခံလိုအပ်ချက်များ လုံလောက်မှုမရှိခြင်းနှင့်အတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း စသည့်လူ့အခွင့်အရေးနှင့် ဆက်နွှယ်သော စိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်။ အဆိုပါစိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ငလျင်ဘေးထိခိုက်ခံစားရသူများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ တိုက်တွန်းပန်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်

## ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

**နေပြည်တော် ဧပြီ ၃**

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးဝမ်းနည်းကြေကွဲနေရသော ကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန် ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့်လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်/ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**၃ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ သည် ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ် မည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်း အဝေးသို့တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူး လေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာ ကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား နေပြည်တော် တပ်မတော် လေဆိပ်၌ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၃**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆဋ္ဌမအကြိမ် မြောက် ဘင်းမ်စတက်အစည်း အဝေးသို့တက်ရောက်ရန်ရောက်ရှိ နေသော ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံအကြီးအကဲများ အား ဘင်းမ်စတက်အလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆို ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် တက် ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ် များအား ဘင်းမ်စတက်အလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

### ကြိုဆိုဂုဏ်ပြုညစာ အတူတကွသုံးဆောင်

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဘင်းမ် စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ ခေါင်းဆောင်များနှင့်အတူ ကြိုဆို ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ ကြိုဆိုဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ ဘင်းမ် စတက် အဖွဲ့ဝင်နိုင်ငံ အကြီး အကဲများဖြစ်ကြသည့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ် Dr. Muhammad Yunus ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay ၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi ၊ နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Mr. K P Sharma Oli ၊ သီရိ လင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက် ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘင်းမ် စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra ကြိုဆိုနှုတ်ဆက်စဉ်။



ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က ကြိုဆို ဂုဏ်ပြုညစာစားပွဲ အခမ်း အနားတွင် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**၂၀၁၅ ခုနှစ်၌ နီပေါငလျင်လှုပ်ခတ်ခဲ့စဉ်ကလည်း မိမိတို့မြန်မာ့တပ်မတော်မှ ကယ်ဆယ်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ကူညီပေးခဲ့သကဲ့သို့ ယခုမိမိတို့နိုင်ငံ၌ ငလျင်ဘေးဒဏ်ကျရောက်ချိန်၌လည်း အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**မိမိတို့ နီပေါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်**

နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli

❍ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် နီပေါနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပြီး မိမိတို့နိုင်ငံတပ်မတော်၌ နီပေါနွယ်ဖွား ဂေါ်ရခါးလူမျိုးများ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် နီပေါလူမျိုး အများအပြား နေထိုင်လျက်ရှိပြီး ရှေးယခင်ကတည်းက မြန်မာလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုကြောင်း၊ ၂၀၁၅ ခုနှစ်၌ နီပေါငလျင်လှုပ်ခတ်ခဲ့စဉ်ကလည်း မိမိတို့ မြန်မာ့တပ်မတော်မှ ကယ်ဆယ်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ကူညီပေးခဲ့သကဲ့သို့ ယခုမိမိတို့နိုင်ငံ၌ ငလျင်ဘေးဒဏ်ကျရောက်ချိန်၌လည်း အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍လည်း အဆွေတော်တို့နိုင်ငံအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့ကိုလည်း အဆိုပါအတွေ့အကြုံများကို မျှဝေပေးသွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ ဆင္ဂမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နီပေါနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နီပေါအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို အပြန်အလှန် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

များဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ် (Wing – 6) သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakit–prakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**တွေ့ဆုံဆွေးနွေး**

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ် (Wing– 6) ၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၃

မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မွန်ဂိုလီးယားနိုင်ငံ သမ္မတ KHURELSUKH UKHNAA ကလည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် Pak Thae Song ကလည်းကောင်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ANWAR IBRAHIM ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ မြေပြင်တွင် သက်စွန့်ဆံဖျား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးရန် နှစ်နိုင်ငံကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ပေးအပ်နိုင်သည့် အထောက်အပံ့များ အားလုံးကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများ ကိုယ်စားငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပြီး ၎င်းတို့၏လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအား ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိပါစေကြောင်း၊ ငလျင်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ခံစားနေရသည့် အချိန်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝှမ်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် အဖွဲ့အစည်းအားလုံး၏ ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့အား ကယ်ဆယ်ရေး၊ ခံစားရသည့်နာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ပျက်စီးခဲ့ရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းတို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မကြာသေးမီက မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ် အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

မွန်ဂိုလီးယားနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့သော ခက်ခဲသော အချိန်ကာလတွင် မွန်ဂိုလီးယားပြည်သူများအနေဖြင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်းနှင့် ၎င်းတို့၏ စာနာထောက်ထားမှုအား မျှဝေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့သော ခက်ခဲသည့် အချိန်ကာလကို အမြန်ဆုံး ကျော်လွှားနိုင်ပြီး ၎င်းတို့၏ လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**KHURELSUKH UKHNAA**
**မွန်ဂိုလီးယားနိုင်ငံ**
**သမ္မတ**

**အူလန်ဘာတာ ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်။**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့သည့် အင်အားအဆမတန်ပြင်းထန်သောမြေငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာကြားသိရသည့်အတွက် အဆွေတော်နှင့်မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့် မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေကြောင်းနှင့် ငလျင်ဒဏ်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပတ်သဲဆုန်း**
**ဝန်ကြီးချုပ်**
**ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ**
**ပြုံးယမ်း၊ မတ်လ ၃၁ ၂၀၂၅**

---

**မလေးရှားနိုင်ငံ ဝန်ကြီးချုပ်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် မလေးရှားနိုင်ငံကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ပျောက်ဆုံးနေသူများလည်း ဘေးကင်းလုံခြုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ မိမိတို့သည် မြေပြင်တွင်သက်စွန့်ဆံဖျား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါသည်။

မလေးရှားနိုင်ငံသည် မြန်မာပြည်သူများနှင့်အတူ ခိုင်မာညီညွတ်စွာလက်တွဲ ရပ်တည်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးအပ်ရန် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်နိုင်သည့် အထောက်အပံ့များ အားလုံးကို ပေးအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်ဒဏ်သင့် မြန်မာပြည်သူများအား ရင်းဂစ် ၁၀ သန်း တန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံးပေးအပ်နိုင်ရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် အားလျော်စွာ အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် ခိုင်မာတောင့်တင်းမှုကို ပြသရန်တာဝန်ရှိပါသဖြင့် မိမိ၏နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်၍ လိုအပ်သည်များ ဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အရေးပေါ်လိုအပ်သည့် လူသားချင်းစာနာမှု အကူအညီများနှင့် နည်းပညာအထောက်အပံ့များ ဆောလျင်စွာ ပံ့ပိုးနိုင်ရေးအတွက် မိမိ၏ အာဆီယံလုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲသွားမည်ဖြစ်ပါသည်။ ၁၇-၄-၂၀၂၅ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ အလွတ်သဘောအကြံပေးကောင်စီ အစည်းအဝေးကို မိမိကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ အခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် ကြိုးပမ်းအားထုတ်မှုများအားလုံးသည် ပြည်သူများ၏ အသက်ကယ်ဆယ်ရေး၊ ခံစားနာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ခံစားရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

**အန်ဝါ အီဗရာဟင်**
**၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်**

---

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၃** - ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၅ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ဧပြီ ၆ ရက်မှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် သဇင်လမ်းနှင့် မြစ်မခလမ်းထောင့်ရှိ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး(MCI) အဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် သဇင်လမ်းနှင့် မြစ်မခလမ်းထောင့်ရှိ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး (MCI) သို့ သွားရောက်၍ အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ပြန်လည်ပြုပြင်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တမံ ငလျင်ဒဏ်ကြောင့် တမံများ ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရန်အောင်မြင်တမံသည် မြို့ရေပေးဝေရေးတစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးနေသည့် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၄၀၆၀ ၊ ရေဆင်းဧရိယာမှာ ၁၁ စတုရန်းမိုင်ရှိပြီး ကုန်းကျောတမံ၏ ကန်ရေအပြည့်အမှတ် Full Tank Level အထက်တွင် မြေသားပေ ၃ ပေမှာ မြေငလျင်ဒဏ်ကြောင့် မြေသားများကျိုးပြတ်ပြိုကျအက်ကွဲမှု (Failure) ဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ ယာယီရေတားတမံအဖြစ် အဆိုပါ ရေတားတမံ၏ အောက်တွင် ကုန်းကျောတမံအသစ် တစ်ခု တည်ဆောက်ကာ ဒုတိယကုန်းကျောတမံနေရာတွင် တာထောက်၍ တာပြန်ဖို့ခြင်း လုပ်ငန်းများအား ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တမံကျိုးပေါက်နိုင်မှု အန္တရာယ် လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိပါကြောင်း သိရသည်။

**စိုးရိမ်ဖွယ်ရာမရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည် တစ်ခုဖြစ်သည့် ရေဝန်းတမံကိုလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရေဝန်းတမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ ၃၀၊ တမံအလျားပေ ၁၀၀၀၊ ရေဆင်းဧရိယာမှာ ဧက ၁၂၀၀ ရှိပြီး တမံ၏ ထိပ်ပြင်အပိုင်းတွင် အက်ကြောင်းများ ဖြစ်ပေါ်ခြင်း၊ ရေထုတ်ပြွန်အနီး တမံ၏အပြင်ဘက်အပိုင်းအချို့မှာ ငလျင်ဒဏ်ကြောင့် ကျိုးပြတ်အက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တမံအတွင်းမှ ရေဖိအား လျော့နည်းစေရေး ၄ ပေခန့် ရေထုတ်လျှော့ချပြီး ပြုပြင်ရေးလုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပြီး စိုးရိမ်ဖွယ်ရာ မရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်/ တမံဆိုင်ရာ အချက်အလက်များ၊ တမံများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ငလျင်ဒဏ်ကြောင့် တမံပျက်စီးခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဆည်/တမံများ ကြံ့ခိုင်မှုများအား စနစ်တကျစစ်ဆေးရန်နှင့် လိုအပ်ပါက တမံအောက်ခြေသို့ တပ်မတော် (ရေ)မှ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ရေအောက်ကင်မရာများအသုံးပြု၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် တမံများဖြစ်သည့်အတွက် တမံများ ကျိုးပေါက်မှုမရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ ရေဝန်းတမံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများအား သွားရောက်ကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းကာ အားပေးစကားပြောကြားသည်။

**ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်**

အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း)ကို တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒနှင့် ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များ၊ လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာတို့ဖြင့် ငလျင်ဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများနှင့် အခြားလူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့/ည မပြတ် ကြပ်မတ်ကုသပေးလျက်ရှိသည်။ ယနေ့အထိ အရေးကြီးလူနာ ၃၆ ဦးနှင့် ပြင်ပလူနာ ၆၀ တို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း) ၌ ဘူတန်နိုင်ငံဘုရင်က စေလွှတ်ပေးသည့် ဘူတန်ဆေးကုသရေးအဖွဲ့ ၄၀ ကလည်း လိုအပ်သော ဆေးဝါးပစ္စည်းများနှင့်အတူ ပူးပေါင်းပါဝင်၍ လိုအပ်သည့် ဆေးကုသခြင်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ဘူတန်ဆေးကုသရေးအဖွဲ့သည် သီးခြားယာယီဆေးရုံ တည်ဆောက်လျက်ရှိပြီး ငလျင်ဒဏ်သင့်လူနာများအား လူသားချင်းစာနာထောက်ထားမှုဖြင့် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ တက်ရောက်ဆေးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အကြိမ်(၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

**ဗန်ကောက် ဧပြီ ၃**

**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။**




အစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ်ဖုန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခြားဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး မစတင်မီ ဝန်ကြီးများနှင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့၌ ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ် ပျက်စီး ဆုံးရှုံးရမှုများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြပြီး ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် စာနာထောက်ထားကြောင်းနှင့် အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးရမှုများအတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများက ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်းနှင့် အကူအညီများ ပေးအပ်ခြင်းတို့အတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး၌ ဘင်းမ်စတက် ဗန်ကောက် မျှော်မှန်းချက် (၂၀၃၀) နှင့် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘင်းမ်စတက်စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်း အကောင်အထည်ဖော်မှုနှင့် အိန္ဒိယ - မြန်မာ - ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းတိုးတက်မှု ရရှိရေးအတွက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များ ရရှိစေရန်နှင့် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်တည်ဆောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကို ထပ်လောင်းအတည်ပြုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အကြိမ်(၂၀)မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ ကျင်းပပြုလုပ်ခဲ့သည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းနိုင်ငံက ဆဋ္ဌမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်၍ ဘင်းမ်စတက် လူငယ်မျိုးဆက်သစ်ဖိုရမ်ကို ဧပြီ ၂ ရက်မှ ၃ ရက်အထိ လက်ခံကျင်းပလျက်ရှိပြီး အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု၍ ပုဂ္ဂလိကကဏ္ဍမှ လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဘေးသင့်ဝန်ထမ်းများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



**နေပြည်တော် ဧပြီ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ငလျင်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘေးသင့်ဝန်ထမ်းမိသားစုများအတွက် ဆန်အိတ် ၁၄၀၀၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းမိသားစုများအား စိတ်ဓာတ်ကြံ့ကြံ့ခံနိုင်ရန်လိုကြောင်း၊ လိုအပ်သည်များကို တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ပထမအကြိမ် မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်၍ သတ်မှတ်ကာလအတွင်း မေးခိုင်ကာကွယ်ဆေးထိုးနှံရန် လိုအပ်ကြောင်း နွေးနွေးထွေးထွေး အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ အိမ်ရာအနီး ယာယီနေထိုင်မှုများကို လိုက်လံကြည့်ရှု အားပေးပြီး သတိဝီရိယဖြင့် နေထိုင်ကြရန်၊ သောက်ရေသုံးရေများ ကျန်းမာရေးနှင့်ညီညွတ်အောင် အသုံးပြုနိုင်ရေး ဂရုပြုဆောင်ရွက်သွားကြရန်၊ လုံခြုံရေးဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီနေထိုင်နိုင်ရန်အတွက် ဥတ္တရသီရိမြို့နယ် နေပြည်တော် ဗဟိုသင်တန်းကျောင်းတွင် ဝန်ထမ်းနှင့် မိသားစုဦးရေ စုစုပေါင်း ၅၆၈ ဦးကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းတွင် ဝန်ထမ်းနှင့် မိသားစုဦးရေ စုစုပေါင်း ၁၉၅ ဦးကို လည်းကောင်း ယာယီစုစည်း၍ နေရာချထားပေးထားရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဗဟိုသင်တန်းကျောင်းသို့ သွားရောက်၍ အလှူရှင်များမှ ပေးပို့လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီနေရာချထားမှု၊ နေထိုင်စားသောက်မှု၊ ရေသုံးစွဲနိုင်ရေး စီစဉ်ထားရှိမှုနှင့် မီးဖိုဆောင်၊ မိုဘိုင်းအိမ်သာ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။




ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ထမင်းဘူးများနှင့် သောက်ရေသန့်ဘူးများ ဝေငှပေးပြီး အလှူရှင်များမှ လာရောက်လှူဒါန်းသည့် စားသောက်ကုန် ပစ္စည်းများကို လက်ခံရယူ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေး

**နေပြည်တော် မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Block C တွင် လေကာမှန်များ ကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များ ပြိုကျပျက်စီးမှု၊ နံရံများတွင် အက်ကြောင်းများ ဖြစ်ပေါ်မှုနှင့် Waiting Room တွင် နံရံများ ကွဲအက်ပျက်စီးမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Auditorium ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပရာ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဆိုင်ရာဖြစ်ပွားမှု၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်း video clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူခံစားမှုဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်သတ်မှတ်မှုတွင် ပါဝင်လှုပ်ရှားမှုအဖြစ် ဦးညွှတ်၍ (၁) မိနစ် ငြိမ်သက်စွာ အလေးပြုကြသည်။

**အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရန်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုရန်နှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးဝန်ထမ်းတစ်ဦးသာ (မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားထိခိုက်ဒဏ်ရာရမှု မရှိသည့်အတွက် ဝမ်းသာရပါကြောင်း၊ ထုတ်လွှင့်မှုပိုင်းဆိုင်ရာများ ထိခိုက်ချွတ်ယွင်းမှုမရှိသည့်အပြင် ဝန်ထမ်းများက ထိန်းသိမ်းဆောင်ရွက်နိုင်မှုကြောင့် စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်မှုအပေါ်လည်း ချီးကျူးဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများအလိုက် ဖြစ်ပွားမှု၊ ရှာဖွေကူညီမှုနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှု၊ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရန်အပြင် မှတ်တမ်းပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်ရန်တိုက်တွန်း**

ငလျင်ကြီး လှုပ်ခတ်ပြီးတိုင်း နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်လေ့ရှိရာ ၎င်းအပေါ် ဝန်ထမ်းများအနေဖြင့် စိုးရိမ်မှုလွန်ကဲရန်မလိုဘဲ သတိ၊ ဉာဏ်ပညာဖြင့် ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အင်အားပြင်းငလျင်ဒဏ်ကြောင့် ယနေ့အထိ သေဆုံးမှု ၃၇၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိမှု ၄၅၈၉ ဦး၊ ပျောက်ဆုံးနေသူ ၂၂ ဦးရှိသည့်အပြင် ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများ၊ မီးရထားလမ်းများနှင့် ကားလမ်းများ ထိခိုက်ပျက်စီးမှု များစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၊ မိုခါမုန်တိုင်း၊ ရာဂီဆိုင်ကလုန်းမုန်တိုင်းများကို အစိုးရနှင့်ပြည်သူစုပေါင်းအားဖြင့် အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပြီး မူလအခြေအနေထက် သာလွန်ရောက်ရှိအောင် အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်အပေါ် သင်ခန်းစာများ ဖော်ထုတ်ရယူပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာကြီးကို ကျရာကဏ္ဍမှ ဝိုင်းဝန်းထိန်းသိမ်းပြီး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ မှာကြားချက်ဖြစ်သော "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည့်အတိုင်း ပြည်တွင်းရှိအင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ လူ့အသက်ပေါင်းများစွာကို စွန့်လွှတ်စွန့်စားစွာ ကယ်ဆယ်ပေးနေမှုများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငလျင်ဘေးဒဏ်ကို အထိုက်အလျောက် ခံစားခဲ့ရသော်လည်း သတင်းနှင့် အစီအစဉ်များကို ပုံမှန်ကဲ့သို့ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနိုင်ခဲ့သလို စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးကြီးဖြစ်စဉ်များကို ပြည်တွင်းပရိသတ်များအပြင် နိုင်ငံတကာသို့ သိရှိနိုင်ရန် ကြိုးပမ်းထုတ်လွှင့်ပေးနိုင်ခြင်းအပေါ် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်တို့ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Block C Lobbyတွင် ပြင်ပမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဒေသခံဝန်ထမ်းများနှင့်တွေ့ဆုံပြီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ယင်းနောက် Auditorium ခန်းမ ညာဘက်လျှောက်လမ်းနှင့် News Studio လျှောက်လမ်းတို့တွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုများအား လည်းကောင်း၊ ရေဒီယိုနှင့် ခါတ်ပြားထိန်းသိမ်းရေးဌာနစိတ်တွင် ခါတ်ပြားများနှင့် တိပ်ခွေများ ပျက်စီးမှုများနှင့် ဆယ်တင်ထိန်းသိမ်းမှုအားလည်းကောင်း၊ ရေဒီယိုတိုင်းရင်းသားအစီအစဉ်တည်းဖြတ်ခန်း (Audio Work Station)တွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုအားလည်းကောင်း၊ ပင်မအဆောက်အအုံခေါင်မိုးပေါ်သို့ တက်ရောက်၍ မျက်နှာကြက်ပျက်စီးမှု၊ Auditorium ခန်းမအပေါ်တွင် အနားသတ်ဝရန်တာများ ပြိုကျပျက်စီးမှုနှင့်နံရံများ ကွဲအက်ပျက်စီးမှုတို့အားလည်းကောင်း၊ ပေါင်းကူးတံတား လျှောက်လမ်းတွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်မအဆောက်အအုံရှိ Presentation 1 (On Air) ခန်းတွင် နံရံများ ကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များ ပြိုကျပျက်စီးမှု၊ Monitor TV များ လဲကျပျက်စီးမှုနှင့် လုပ်ငန်းခွင်မပျက်အောင် အစားထိုးစီစဉ်ဆောင်ရွက်မှုအားလည်းကောင်း၊ Convergence News Room၊ Conference Room နှင့် Training Room တို့တွင်လည်း နံရံများ ကွဲအက်ပျက်စီးမှုနှင့် မျက်နှာကြက်များ ပြိုကျပျက်စီးမှုတို့အားလည်းကောင်း၊ စိန်ရတုပြတိုက်တွင် လေကာမှန်များ ကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များ ပြိုကျပျက်စီးမှုနှင့် ခင်းကျင်းပြသထားသည့် ပစ္စည်းများ ပျက်စီးမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် MRTV Recreation Center တွင် ဝန်ထမ်းအိမ်ရာ တိုက်ခန်းများမှ လာရောက်နေထိုင်ကြသည့် ဝန်ထမ်းမိသားစု ၃၀ အား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ကလေးများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ယာယီနေရာချထားနေထိုင်မှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရာထမ်းအိမ်ရာ တိုက် (၁၈) နှင့် အမှုထမ်းအိမ်ရာ တိုက် (၂၃) သို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကား ပြောကြားကာ ၎င်းအိမ်ရာနေ ဝန်ထမ်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများအားလည်းကောင်း၊ ကလေးများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းကိုလည်းကောင်း၊ ဆောင်ရွက်ပြီး အဆောက်အအုံပျက်စီးမှုများအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

**ရေပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအတွက် အသုံးပြုလျက်ရှိသည့် ရေစုကန်နှင့် ရေစစ်ကန်များသို့ သွားရောက်ကြည့်ရှုပြီး ရေပြတ်တောက်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝါတိုင်၊ ဂြိုဟ်တုဆက်သွယ်ရေး၊ Aircon စနစ်များနှင့် Studio များ ထိခိုက်မှုမရှိသော်လည်း ပင်မအဆောက်အအုံ၊ စိန်ရတုပြတိုက်နှင့် ဝန်ထမ်းအိမ်ရာများတွင် လေကာမှန်များ ကွဲအက်ခြင်း၊ မျက်နှာကြက်များ ပြိုကျခြင်း၊ အင်္ဂတေနံရံများ ကွဲအက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ထုတ်လွှင့်မှုထိန်းချုပ်ခန်းနှင့် သက်ဆိုင်ရာအလိုက် အသုံးပြုလျက်ရှိသည့် TV များ၊ Computer များနှင့် ပရိဘောဂများ ထိခိုက်ပျက်စီးခဲ့သော်လည်း အစားထိုးပြုပြင်အသုံးပြုခြင်းဖြင့် ထုတ်လွှင့်မှုမပျက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ( မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့၌ မေ ၄ ရက်တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## လှိုင်းဘွဲ့မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ဘားအံ မေ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၅၁ ဒသမ ၆၄၀ ဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရင်းဘိုင်း-ကူးဆိပ်-ငှက်ပျောတော-ထီးစထ-ရှမ်းရွာသစ်လမ်းပိုင်း အရှည် ကိုးမိုင် နှစ်ဖာလုံအနက်မှ လမ်းအရှည် သုံးမိုင်ကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းမှာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လျှောင်ဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**နေပြည်တော် ဧပြီ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက လျှောင်ဘေးသင့်ဝန်ထမ်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့မှ ပူးပေါင်းလှူဒါန်းသော Hygiene Kit များကို သွားရောက်၍ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ ဝိသာခါပုဏ္ဏမိဂုဏ်ဝေ သီလရှင်စာသင်တိုက်သို့လည်းကောင်း၊ သမဝါယမဦးစီးဌာနမှ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် လျှောင်ဘေးသင့်ဝန်ထမ်းများနေထိုင်သည့် လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့ လည်းကောင်း သွားရောက်ပြီး Hygiene Kit များကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဆရာဒကာကျောင်းဖြစ်သော ဒက္ခိဏသီရိမြို့နယ် မုန်တောကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီနှင့် လှူဖွယ် ပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် သပြေကုန်းရပ်ကွက် သပြေကုန်းဈေးရှိ လျှောင်ဘေးသင့် ပြည်သူများအား သောက်သုံးရေသန့် ဂါလန် ၁၆၀၀ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လျှောင်ဘေးကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ ရုံးအဆောက်အအုံပျက်စီးမှုနှင့် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေး ဂရုပြု ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လျှောင်ဘေးသင့် ဝန်ထမ်းမိသားစုများအား လိုက်လံကြည့်ရှုအားပေး



**နေပြည်တော် ဧပြီ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ လျှောင်ဘေးသင့် ဝန်ထမ်းမိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများ၊ အဆောင်များတွင် ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ ယာယီရွှေ့ပြောင်းနေထိုင်ရာ စုရပ်နေရာများဖြစ်သည့် တော်ဝင်ရတနာမူလတန်းကြိုကျောင်း၊ နန်းထိုက်ရတနာမူလတန်းကြိုကျောင်းနှင့် သဇင်(၃) အဆောင်(၈)မှ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ နေပြည်တော် ကလေးပြုစုရေးဌာနရှိ ဆရာမများနှင့် ကလေးငယ်များအား အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထမင်းဘူး၊ မုန့်နှင့် သောက်ရေသန့်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအိတ်များ ပေးဝေပြီး သေဆုံးသူ ဝန်ထမ်းမိသားစုဝင်နှင့် ဝန်ထမ်းများ၏ သက်ကြီးမိဘများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ စုရပ်နေရာများတွင် ရေ/မီးရရှိရေး၊ နေပြည်တော် ကလေးပြုစုရေးဌာနရှိကလေးများအတွက် မိုးကာတဲများ ထပ်မံပေးပို့နိုင်ရေးတို့ကို ညှိနှိုင်းစီစဉ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာရေပေးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ တောင်ညိုကျေးရွာ၊ ကြီးပွားကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ဆယ်သိန်းကျေးရွာ၊ သက်မွေးစုကျေးရွာ၊ ပြည်တော်လင်းကျေးရွာ၊ ငွေးပင်ရိုးကျေးရွာများမှ လျှောင်ဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် အထိုင်ချပြီး သောက်သုံးရေများ သန့်စင်ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ထို့နောက် မရမ်းခုံကျေးရွာ ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားသော အမြင့်တင်ရေစင်ပျက်စီးမှုနှင့် ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပျက်စီးမှုများအား အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်းသို့ သွားရောက်ပြီး ပေါင်းလောင်းရပ်ကွက်နှင့် ဥယျာဉ်စုရပ်ကွက်တို့မှ လျှောင်ဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဂါလန် ၁၀၀၀ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးရဲတင့် လျှောင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှု

**စစ်ကိုင်း ဧပြီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး လျှောင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လျှောင်ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ကွယ်လွန်သွားသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများနှင့် စစ်ကိုင်းဇုန်နယ် ထပ်ဆင့်လွှင့်စက်ရုံများမှ ဇုန်နယ်မှူး၊ သတင်းနှင့်စာနယ်ဇင်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက် တာဝန်ခံနှင့် ဝန်ထမ်းများ၊ စာပေဗိမာန် စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည်ပုံနှိပ်တိုက်ခွဲသို့ရောက်ရှိပြီး စက်ပစ္စည်းများနှင့် စက်ရုံအဆောက်အအုံအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး အမှာစကားပြောကြား၍ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သတိပြုဆောင်ရွက်ရတော့မည့် လုပ်ငန်းခွင်အပူဒဏ်အန္တရာယ်

မိုး (အလရ)

နွေရောက်ပြီလေ ..... ရိုးတံကျဲကျဲ
ပင်အိုတို့အလှချင်းလည်းပြိုင်
လေရူးလေဝှေ့ ..... ရွက်ဝါတွေ လိပ်ပြာတွေရယ်
အလှချင်း.... ပြိုင်နေသလိုပင်

လေနဲ့အတူ ပျံ့လွင့်လာတဲ့ လမ်းမထက်ဆီက သီချင်းသံနဲ့ လေထဲမှာလွင့်ပျံနေတဲ့ ကုက္ကိုရွက်ကြွေတို့ရဲ့ မြင်ကွင်းနဲ့ လမ်းတစ်ဖက်တစ်ချက်စီမှာ အပြိုင်အဆိုင်ပွင့်နေတဲ့ နွေဦးရာသီရဲ့ သင်္ကေတဖြစ်တဲ့ ကံ့ကော်ပန်းတွေက များမကြာမီကာလမှာ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီသို့ ဝင်ရောက်တော့မယ်လို့ သတိပေးနေသလို။

ကျောင်းသားတွေအတွက်တော့ တစ်နှစ်တာကြိုးစားထားမှုတွေကနေ ခဏတာ လွတ်မြောက်တော့မယ့် အချိန်၊ စာရေးဆရာ၊ ပန်းချီဆရာတွေအတွက်တော့ လွမ်းမောဖွယ် ခံစားချက်တွေနဲ့ စာဖွဲ့လို့ ကောင်းတဲ့ရာသီ၊ သင်္ကြန်ပိုးလေးတွေအတွက် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲဖို့ မြူးပျော်ရတဲ့ အခါသမယ စသည်ဖြင့် အသက်အရွယ်အလိုက် ခံစားချက်တို့မျိုးစုံနဲ့ ဖြတ်ကျော်ကြဦးမယ့် နွေရာသီက သူ့ရာသီစက်ဝန်းအတိုင်း အချိန်မှန်ရောက်လို့လာပေပြီ။

**တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားလာ**

ကျွန်တော်တို့လို အများပြည်သူများအတွက် ဝန်ဆောင်မှုပေးရတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက်တော့ နွေဦးရဲ့ သင်္ကေတတွေကို မြင်တွေ့ရပြီဆိုတာနဲ့ မကြာမီရောက်လာတော့မယ့် နွေရာသီအတွက် ပြင်ဆင်ဆောင်ရွက်သင့်တာတွေက ဦးနှောက်ထဲသို့ တသီကြီး ရောက်ရှိလို့လာပေပြီ။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနဲ့အတူ အပူပိုင်းဇုန်ဖြစ်တဲ့ မြန်မာနိုင်ငံဟာလည်း တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားလာတာကို ခံစားသိရှိကြရတာပဲ ဖြစ်ပါတယ်။

ကမ္ဘာ့အပူချိန်က ၁၉၈၂ ခုနှစ်ကစပြီး ဆယ်ရာစုတစ်စုကို ၃ ဆန္ဒနန်း (၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) အထိ တိုးလာခဲ့ပြီး ၂၀၁၅ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ၁၀ နှစ်ကာလကို အပူဆုံးကာလအပိုင်းအခြားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ကမ္ဘာ့အပူချိန်က တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာတာမှာ ၂၀၂၄ ခုနှစ်ဟာ အပူချိန်အမြင့်ဆုံးနှစ်အဖြစ် The World Meteorological Organization (WMO) က ၁၀-၁-၂၀၂၅ ရက်နေ့က အတည်ပြုခဲ့ကြောင်းနဲ့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုမရှိသေးတဲ့ကာလ အပူချိန်ထက် ၁ ဒသမ ၅၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့တယ်လို့ လေ့လာတွေ့ရှိခဲ့ရတယ်။




ဒီလို ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားလာတာနဲ့ အမျှ အပူပိုင်းဇုန်ဖြစ်တဲ့ အာရှ ပစိဖိတ်ဒေသတွေမှာ အပူချိန်က ၂၀၂၄ ခုနှစ်အတွင်း ၄၀ ဒီဂရီစင်တီဂရိတ်အထက်ကို ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံမှာလည်း ၂၀၂၄ ခုနှစ် ဧပြီလမှာ အမြင့်ဆုံးအပူချိန်က ၄၈ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်အထိ ရှိခဲ့ပါတယ်။

ရာသီဥတုအပူချိန်မြင့်မားလာလို့ ကလေး၊ လူကြီး၊ လူငယ်မရွေး အပူဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာအန္တရာယ်တွေ ရရှိခံစားရခြင်းတွေ ဖြစ်ပေါ်လျက်ရှိရာမှာ လုပ်ငန်းခွင်ရှိ အလုပ်သမားတွေဟာ အပူဒဏ်ခံစားရသူတွေထဲမှာ ထိရှလွယ်တဲ့အုပ်စုအဖြစ် သတ်မှတ်ရမှာပဲ ဖြစ်ပါတယ်။ လုပ်သားတွေရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်နဲ့ ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေကို ကာကွယ်စောင့်ရှောက်ပေးနေရတဲ့ ကျွန်တော်တို့လို ဌာနအတွက်လည်း နွေရဲ့အပူဒဏ်ကြောင့် အလုပ်သမားတွေမှာ ဖြစ်ပေါ်နိုင်တဲ့ သက်ရောက်မှုတွေလျော့ပါးစေဖို့နဲ့ သက်သောင့်သက်သာဖြစ်စေတဲ့ လုပ်ငန်းခွင်တွေဖြစ်စေရေး လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ စီမံပေးသင့်တဲ့အရာတွေနဲ့ ပတ်သက်ပြီး သတိပေးဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ အပူချိန်မြင့်မားလာတဲ့အတွက် ပုံမှန်နေထိုင်သွားလာနေတဲ့ လူသားတွေမှာ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) အပါအဝင် အပူဒဏ်ကြောင့် နာမကျန်းဖြစ်မှုတွေ ရရှိခံစားလာကြရတာကို တွေ့ရှိရပါတယ်။

အပူချိန်မြင့်မားလာခြင်းကြောင့် ပျို့ခြင်း သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်သားတွေ ကြွက်တက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ နုံးချည့်ခြင်း၊ နှလုံးခုန်မြန်ခြင်း စတဲ့လက္ခဏာတွေ ဖြစ်ပေါ်နိုင်တဲ့အပြင် အပူချိန်အလွန်အမင်း လွန်ကဲစွာခံစားရခြင်း ဒါမှမဟုတ် ပြင်းထန်စွာ ကိုယ်ကာယလှုပ်ရှားဆောင်ရွက်တဲ့အခါမှာလည်း အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ဖြစ်ပြီး အချို့မှာ အသက်သေဆုံးတဲ့အထိပါ ဖြစ်ပေါ်နိုင်တာကို တွေ့ရပါတယ်။

**အပူဒဏ်လျော့နည်းတဲ့ လုပ်ငန်းခွင်တွေ ဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ပေးဖို့လို**

လုပ်ငန်းခွင်မှာ လှုပ်ရှားလုပ်ကိုင်နေတဲ့ လုပ်သားတွေဟာ ပြင်ပအပူချိန်သာမက လုပ်ငန်းခွင်မှာ အသုံးပြုလုပ်ကိုင်နေတဲ့ စက်ကိရိယာတွေ၊ လုပ်ငန်းစဉ်တွေကနေ ထွက်ရှိတဲ့ အပူချိန်တွေ၊ အချို့လုပ်သား အင်အားများပြားတဲ့ လုပ်ငန်းတွေမှာ လူကနေ ထွက်ရှိတဲ့ အပူချိန်တွေနဲ့ အပူဒဏ်တွေကို ပိုခံစားရနိုင်ပါတယ်။ ဒီလိုအလုပ်သမားတွေမှာ အပူဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာအန္တရာယ်တွေ ခံစားရမယ်ဆိုပါက လုပ်ငန်းဆောင်ရွက်တဲ့အပေါ်မှာ အာရုံစူးစိုက်မှု၊ စိတ်ဝင်စားမှုလျော့နည်းပြီး အလုပ်လုပ်နိုင်စွမ်း လျော့နည်းခြင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခြင်း စတဲ့အကျိုးဆက်တွေ ဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီနောက် ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ ကျွမ်းကျင်လုပ်သား ဆုံးရှုံးရခြင်းဆိုတဲ့ ရလဒ်တွေကို လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ မလွဲကေန် ရင်ဆိုင်ရမှာဖြစ်သလို အလုပ်သမားတွေရဲ့ လူမှုစီးပွားလည်း ကျဆင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့် အပူချိန်မြင့်မားလာတော့မယ့် နွေအခါသမယမှာ အလုပ်သမားတွေအတွက် အပူဒဏ်လျော့နည်းတဲ့ လုပ်ငန်းခွင်တွေဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေအတွက် အပူဒဏ်အန္တရာယ်ကနေ ကာကွယ်ပေးရမယ့် ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး တည်ဆဲအလုပ်သမားရေးရာ ဥပဒေတစ်ခုဖြစ်တဲ့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အဆိုပါဥပဒေမှာ အလုပ်ရုံရဲ့ အလုပ်ခန်းတိုင်းမှာ လေကောင်းလေသန့် လုံလောက်စွာရရှိစေရေး၊ အလုပ်သမားတို့ နေသာချောင်ချိရေးနဲ့ ကျန်းမာရေးအတွက် အပူအအေးမျှတမှုရှိစေရေး သင့်တော်လုံလောက်တဲ့ အစီအမံတွေ ဆောင်ရွက်ထားရမယ်ဆိုပြီး လည်းကောင်း၊ အလုပ်ရုံရှိအခန်းမှာ အလုပ်သမားတွေရဲ့ ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေနိုင်လောက်တဲ့ လူထူထပ်ခြင်း မရှိစေရဆိုပြီး လည်းကောင်း၊ အလုပ်ရုံတိုင်းမှာ နွေရာသီ၌ သောက်ရေကို အေးအောင် စီမံထားရှိရမယ်ဆိုပြီး လည်းကောင်း ဖော်ပြထားပြီးဖြစ်တဲ့အတွက် လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ အလေးထားဆောင်ရွက်သွားဖို့ လိုပါတယ်။

လုပ်ငန်းခွင်အတွင်း လေထုရဲ့ အပူချိန်ကို သာမက စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်မှုရှိအောင် စီမံထားခြင်း၊ လုပ်ငန်းဆောင်ရွက်ရတဲ့ ကြာမြင့်ချိန်၊ အလုပ်လုပ်ရတဲ့နှုန်းနဲ့ အလုပ်သမားရဲ့ ဝတ်စားဆင်ယင်မှု စတာတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေပဲဖြစ်ပါတယ်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ပါက အပူကြောင့် သတိလစ်ခြင်း ဖြစ်ပေါ်နိုင်တဲ့အတွက် လုပ်ငန်းခွင်တွေမှာ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အောက်ဖြစ်စေရေး အပူချိန်ထွက်ရှိတဲ့ လုပ်ငန်းစဉ်တွေ၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေတွေနဲ့ အလုပ်သမားတွေရဲ့ နေထိုင်မှုဘဝပုံစံတွေကို ဆန်းစစ်အကဲဖြတ်ပြီး အပူဒဏ်အန္တရာယ်ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်တွေအတွက် အပူဒဏ်လျော့နည်းစေဖို့ ပြင်ဆင်ဆောင်ရွက်ရမယ့် နည်းလမ်းအချို့ကို ဗဟုသုတရရှိစေဖို့နဲ့ လိုက်နာကျင့်သုံးစေဖို့ မျှဝေပေးလိုပါတယ်။

အပူမြင့်မားစွာ ထွက်ရှိတဲ့ အလုပ်အမျိုးအစား၊ ပြုလုပ်မှုလုပ်ငန်းစဉ်တို့ကို တတ်နိုင်သမျှ လုပ်ငန်းခွင်နဲ့ သီးခြားထားရှိပေးရမှာဖြစ်ပြီး သီးခြားထားရှိပေးဖို့ မဖြစ်နိုင်ရင် အဆိုပါ အလုပ်အမျိုးအစား၊ ပြုလုပ်မှုလုပ်ငန်းစဉ်တို့ကို ထိရောက်တဲ့နည်းလမ်းတွေ (ဥပမာ- လေစုပ်ပန်ကာ၊ လေမှုတ်ပန်ကာများ တပ်ဆင်ခြင်း) နဲ့ အပူချိန်လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံရဲ့ အမိုးပေါ်ကို ရေဖျန်းတဲ့စနစ်၊ လုပ်ငန်းခွင်အတွင်း ရေနဲ့အအေးပေးတဲ့စနစ် (Water Curtain System)၊ အပူဒဏ်လျော့ပါးစေတဲ့ အမိုးတွေနဲ့ တပ်ဆင်ခြင်း သို့မဟုတ် အမိုးကို မြှင့်တင်ခြင်း သို့မဟုတ် အမိုးနှစ်ထပ်ထားခြင်း၊ အပူဒဏ်ကာကွယ်နိုင်တဲ့ မျက်နှာကြက် တပ်ဆင်ပေးခြင်း၊ နံရံ၊ ခေါင်မိုး၊ ပြတင်းပေါက်တွေကို အပူစုပ်ယူမှု နည်းတဲ့အရောင်ပြောင်းလဲသုတ်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်း အပူချိန်ကို လျော့ကျစေပြီး သက်သောင့်သက်သာဖြစ်တဲ့ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒ့ါအပြင် ချွေးထွက်ရင် လူ့ခန္ဓာကိုယ်အတွင်းက အပူချိန်ကို လျှော့ချနိုင်တဲ့အတွက် လေထုစိုထိုင်းဆမြင့်မားခြင်း သို့မဟုတ် လေဝင်လေထွက် ကောင်းမွန်မှုမရှိတဲ့ အခြေအနေတွေမှာ ခန္ဓာကိုယ်အရေပြားက ချွေးထွက်မှု လျော့နည်းနိုင်ပြီး အပူချိန်မြင့်တက်လာနိုင်တဲ့အတွက် လေဝင်လေထွက်ကောင်းမွန်မှုဟာလည်း အရေးပါတဲ့ကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။

လုပ်ငန်းခွင်အတွင်း လေဝင်လေထွက်လမ်းကို ပိတ်ဆို့နေတဲ့ အရာတွေကို ဖယ်ရှားခြင်း သို့မဟုတ် လုပ်ငန်းခွင် စက်ကိရိယာနေရာချထားမှုပုံစံကို

*စာမျက်နှာ ၁၁ သို့*

❖ **အပူဒဏ်သက်ရောက်မှုကို စီမံခန့်ခွဲနိုင်ရင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ နာမကျန်းဖြစ်မှုတွေကို ကြိုတင်တားဆီးကာကွယ်နိုင်ပြီး ကုန်ထုတ်စွမ်းအား တည်ငြိမ်နိုင်မှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ အပူဒဏ်သက်ရောက်မှုအန္တရာယ်ကို နည်းပညာအသုံးပြုဖြေရှင်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ**

❖ **အပူဒဏ်အန္တရာယ်မဖြစ်စေရေး ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ စီမံဆောင်ရွက်ပေးသလို အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်တွေ ကြုံတွေ့လာရင် တုံ့ပြန်နိုင်ရေးကိုလည်း လေ့လာပြင်ဆင်ထားရမှာဖြစ်**

# ကန်ကြီးထောင့်မြို့နယ်၌ နေကြာသီးနှံစံပြကွက် စံကွက်ရိတ်သိမ်းပွဲအခမ်းအနား ကျင်းပ




ကန်ကြီးထောင့် ဧပြီ ၃

**ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ နေကြာသီးနှံစံပြစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့က ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တောင်သူများအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော တောင်သူများအနက် နေကြာသီးနှံစိုက်ပျိုးတောင်သူတစ်ဦးက နေကြာစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာ ကွင်းအမှတ် (၁၅၃-ဂ)၊ တောင်သူ ဒေါ်ရီရီမြင့်၏ လယ်ဧက ၃ ဒသမ ၇၅ ဧကရှိ Super Sun(41) နေကြာသီးနှံများကို စံကွက်ရိတ်သိမ်းမှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။ အဆိုပါ နေကြာစံပြကွက် စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစိုအထွက် တင်း ၆၅ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူရည်ချွန်ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**မော်လမြိုင်ကျွန်း ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ဧပြီ ၁ ရက်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူရည်ချွန်ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ခုနှစ်ပညာသင်နှစ်တွင် လူရည်ချွန်ရရှိသည့်ကျောင်းသားကျောင်းသူ ငါးဦးအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက လူရည်ချွန်ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သထုံမြို့၌ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ





**သထုံ ဧပြီ ၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဥပဒေအသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က နိုင်ငံသားအားလုံး ဥပဒေအသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဥပဒေဆိုင်ရာ အသိအမြင်၊ အတွေးအခေါ်၊ စိတ်ထားများ ပိုမိုကိန်းဝပ် ပေါ်ထွန်းလာစေရန် ဥပဒေအသိပညာဗဟုသုတများ ဟောပြောပေးရခြင်းဖြစ်ကြောင်း၊ မည်သူမဆို ဥပဒေနှင့်ငြိစွန်းသောကိစ္စရပ်များကို အလေးထားရှောင်ရှားကြရမည်ဖြစ်ပြီး ဖောက်ဖျက်ကျူးလွန်မိပါက ဥပဒေ၏ ပြဋ္ဌာန်းချက်ပါ ပြစ်ဒဏ်များဖြင့် အပြစ်ပေးခြင်းတို့ကို ခံစားကြရမည်ဖြစ်ကြောင်း၊ ဥပဒေပညာသည် မိမိအတွက်နှင့် တိုင်းပြည်အတွက် ဖြစ်ပြီး တိုင်းပြုပြည်ပြု ပညာရပ်ဖြစ်သလို အသက်မွေးဝမ်းကျောင်းပညာရပ်လည်းဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည့်ဥပဒေစာအုပ်တို့ကို အများပြည်သူ ဖတ်ရှုလေ့လာနိုင်စေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ လှူဒါန်းပေးအပ်ရာ တာဝန်ရှိသူက လက်ခံယူသည်။ **ခရိုင်(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများသည် စည်ပင်လှကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စည်ပင်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၄၇၇ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

*စာမျက်နှာ ၁၀ မှ*

ပြောင်းလဲခြင်း၊ လိုအပ်ရင် ပြတင်းပေါက်၊ တံခါးပေါက်တွေ ထပ်မံစီစဉ်ပေးခြင်း၊ လုပ်ငန်းခွင်သဘာဝနဲ့ သင့်တော်တဲ့ မတ်တတ်ပန်ကာ၊ လေစုပ်ပန်ကာ၊ မျက်နှာကြက်ပန်ကာတွေ တပ်ဆင်ပေးခြင်းဖြင့် လေဝင်လေထွက် ကောင်းမွန်ပြီး အပူချိန်မြင့်မားမှုကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

လုပ်ငန်းသဘာဝအရ အမိုးအကာမရှိဘဲ သို့မဟုတ် ကွင်းပြင်မှာ လုပ်ကိုင်ဖို့ရှိပါက အလုပ်ချိန်ကို အပြောင်းအလဲပြုလုပ်ပြီး အပူချိန်လျော့နည်းတဲ့ အချိန် (နံနက်စောစော၊ ညနေပိုင်း)မှာ လုပ်ကိုင်စေခြင်း သို့မဟုတ် ယာယီအမိုးမိုးပြီး လုပ်ကိုင်ဆောင်ရွက်စေဖို့အတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ လုပ်ငန်းစဉ်မှထွက်ရှိတဲ့ အပူချိန်၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေတို့နဲ့ ပတ်သက်လို့ စီမံဆောင်ရွက်ပေးတဲ့အပြင် အလုပ်သမားတွေ နေထိုင်မှုနဲ့ လုပ်ကိုင်ရမှုအခြေအနေတွေကိုလည်း စီမံခန့်ခွဲပေးသင့်ပါတယ်။ ဆိုလိုတာက အလုပ်သမားတွေကို အပူဒဏ်သက်သာစေမယ့် ချည်ထည်အင်္ကျီလက်ရှည်၊ ပြင်ပမှာ လုပ်ကိုင်ရရင် ဦးထုပ်ဆောင်းပြီး လုပ်ကိုင်စေခြင်း၊ အလုပ်ပမာဏနဲ့ လုပ်ငန်းသဘာဝအပေါ် မူတည်ပြီး အလုပ်လုပ်ချိန်နဲ့ နားချိန်တို့ကို အလှည့်ကျစီစဉ်တဲ့စနစ် ကျင့်သုံးခြင်းတွေကို တာဝန်ရှိသူတွေက ကြီးကြပ်စီမံပေးခြင်းဖြင့် အလုပ်သမားမှာ အပူဒဏ်အန္တရာယ် ခံစားရမှုလျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။

စက်ရုံ၊ အလုပ်ရုံရှိ လုပ်သားတွေအပြင် အပူဒဏ်ကို တိုက်ရိုက်ခံစားရတဲ့ နေပူထဲမှာ သွားလာလှုပ်ရှားလုပ်ကိုင်လျက်ရှိတဲ့ လုပ်သားတွေကလည်း (ဥပမာ - ဆောက်လုပ်ရေးလုပ်သားတွေ၊ ပစ္စည်းပို့ဆောင်သူတွေ) အပူဒဏ်အန္တရာယ်ကို သတိထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ယနေ့အချိန်အခါမှာ ပစ္စည်းပို့ဆောင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ကျယ်ပြန့်စွာ လုပ်ကိုင်လာလျက်ရှိရာ အဆိုပါပစ္စည်းတွေကို မော်တော်ဆိုင်ကယ်၊ စက်ဘီးတွေနဲ့လိုက်လံပို့ဆောင်ပေးသူတွေဟာ အပူချိန်အောက်မှာ သွားလာလှုပ်ရှားနေရတဲ့အတွက် အပူဒဏ်အန္တရာယ် လျော့နည်းစေရေးအတွက် စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**National University of Singapore တက္ကသိုလ်ရှိ Heat Resillence & Performance Center က ပစ္စည်းတွေကို စက်ဘီးနဲ့ လိုက်လံပို့ဆောင်သူတွေရဲ့ အပူဒဏ်ခံစားရမှု ထိန်းညှိနိုင်ရေး သုတေသနတစ်ခု ဆောင်ရွက်ခဲ့ပြီး ပစ္စည်းပို့ဆောင်သူကို အပူလွန်ကဲမှုအန္တရာယ်ကနေ ကာကွယ်ပေးဖို့ Ingestible Temperature Capsules တွေ သောက်စေခြင်း၊ အပူချိန်ပြင်းထန်လာပါက ရေသောက်ဖို့နဲ့ အနားယူဖို့ အချက်ပြသတိပေးတဲ့ Sensor တွေ လက်မောင်းမှာ ထည့်သွင်းခြင်းနဲ့ နောင်မှာရွှေ့လျားနိုင်တဲ့ အအေးခန်းတွေ (Mobile Cooling Centre) ဆောင်ရွက်နိုင်ဖို့ စမ်းသပ်လျက်ရှိကြောင်း ဆွေးနွေးပွဲတစ်ခုမှာ မှတ်သားခဲ့ရပါတယ်။**

### အပူဒဏ်သက်ရောက်မှုအန္တရာယ်ကို နည်းပညာအသုံးပြုဖြေရှင်းနိုင်ရေး ဆောင်ရွက်

အပူဒဏ်သက်ရောက်မှုကို စီမံခန့်ခွဲနိုင်ရင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ နာမကျန်းဖြစ်မှုတွေကို ကြိုတင်တားဆီးကာကွယ်နိုင်ပြီး ကုန်ထုတ်စွမ်းအား တည်ငြိမ်နိုင်မှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အပူဒဏ်သက်ရောက်မှုအန္တရာယ်ကို နည်းပညာအသုံးပြုဖြေရှင်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိတာကို လေ့လာသိရှိခဲ့ရပါတယ်။

အပူဒဏ်အန္တရာယ် မဖြစ်စေရေး ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ စီမံဆောင်ရွက်ပေးသလို အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေ ကြုံတွေ့လာရင် တုံ့ပြန်နိုင်ရေးကိုလည်း လေ့လာပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ အလုပ်သမားမှာ ပင်ပန်းနွမ်းလျခြင်း ရောဂါလက္ခဏာတွေ တွေ့ရှိရင် **“လူနာသည် တင်းကျပ်တဲ့ အဝတ်အစားတွေ ဝတ်ထားပါက အဝတ်အစားတွေကို ချွတ်ပေးပြီး အရိပ်ရ၍ အေးမြသောနေရာ သို့မဟုတ် လေပန်ကာ သို့မဟုတ် လေအေးပေးစက်ရှိသော အခန်းသို့ ရွှေ့ပြောင်းပါ။ လူနာအား ရေအေးအေး ချိုးပေးပါ။ သို့မဟုတ် ရေခဲရေနဲ့ ရေပတ်တိုက်ပေးပါ။ လူနာကောင်းစွာ သတိရပါက ရေ သို့မဟုတ် ဓာတ်ဆားရည်တိုက်ပါ”** ဟု ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ထားပါတယ်။

လုပ်ငန်းခွင်အတွင်း အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ကြုံတွေ့ရပါက အရေးပေါ်ဆောင်ရွက်ရမယ့်အချက်တွေနဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်ကနေ ပုံပါအတိုင်း လမ်းညွှန်ထားမှုကို ဗဟုသုတရရှိစေဖို့ အလို့ငှာ ကိုးကားဖော်ပြလိုက်ရပါတယ်။

များမကြာမီကာလမှာ နွေရာသီဟာ နွေပီသစွာနဲ့ ပူပြင်းခြောက်သွေ့တဲ့ ရာသီအဖြစ် ပုံဖော်တော့မှာဖြစ်တဲ့အတွက် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ လုပ်သားထုကြီးအတွက် အပူဒဏ်ခံစားရမှုလျော့နည်းတဲ့ လုပ်ငန်းခွင်တွေ ဖြစ်စေရေး စီမံခန့်ခွဲပေးခြင်းဟာ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အထောက်အကူ တစ်ရပ်ဖြစ်စေတဲ့အတွက် ကျွန်တော်တို့လို စစ်ဆေးရေးအရာရှိတွေအပါအဝင် လုပ်ငန်းပိုင်ရှင်တွေနဲ့ သက်ဆိုင်သူတွေအားလုံး အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် ဧပြီ ၃

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ငလျင်ဘေးသင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။**



ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ်(၃၃၅၂) အနီးနှင့် ဉာဏသိဒ္ဓိမဏ္ဍာရုံတို့တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၂၃၀ စု၊ ပုဗ္ဗသီရိမြို့နယ် ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနစုတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၅ စု စုစုပေါင်းအိမ်ထောင်စု ၂၆၆ စုတို့အား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ ငလျင်ဘေးသင့်အိမ်ထောင်စုတစ်စုချင်းစီအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ရေသန့်၊ ခြင်ထောင်၊ ကိတ်ခြောက် စသည့် လူသုံးကုန်ပစ္စည်းများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့တွေ့ဆုံအားပေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ယာယီပြောင်းရွှေ့နေထိုင်မည့် နေရာများသို့ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ပစ္စည်းများ ပြောင်းရွှေ့ရာတွင် စနစ်တကျဖြစ်စေရေး ကူညီသယ်ယူပို့ဆောင်ပေးနေမှု၊ လုံခြုံမှုရှိစေရေး၊ သောက်ရေနှင့် သုံးရေရရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်စေရေးနှင့် ယာယီပြောင်းရွှေ့နေထိုင်မည့် နေရာများတွင် နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ကူညီဖြည့်တင်းပေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရေးရာဝန်ကြီးဌာန ယာယီရုံးခန်း လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး၊ စားသောက်ဖွယ်ရာများပေးဝေ



နေပြည်တော် ဧပြီ ၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရုံးအမှတ် ၂၅၊ ဥပဒေရေးရာဝန်ကြီးဌာန အဆောက်အအုံပြင်ပတွင် ယာယီရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ယာယီရုံးခန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ယာယီရုံးခန်း၌ ဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ယာယီနေထိုင်သူများ နေထိုင်စားသောက်မှုအဆင်ပြေစေရန် အလှူရှင်များမှလှူဒါန်းသော ထမင်း၊ ဟင်းများနှင့် အသုံးအဆောင်ပစ္စည်းများအား လက်ခံရယူ၍ ဝန်ထမ်းနှင့်မှီခိုသူများထံ ပေးဝေခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ကားဝင်းအတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မှီခိုသူများ ယာယီစုစည်းထားရှိသည့်နေရာ၌ မိသားစုဝင်များနေထိုင်နိုင်ရန် ယာယီစခန်းဆောက်လုပ်ပေးနေမှုများ၊ မိသားစုဝင်များ၏ နေထိုင်စားသောက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးမြို့ရှိ ငလျင်ဘေးသင့် ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှ စက်ရုံမှူးနှင့် ဝန်ထမ်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောက်ပြားစက်ရုံ (စကျင်) တို့မှ ဝန်ထမ်းများကိုလည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပတ်သက်ပြီး တတ်ကျွမ်းနားလည်သည့် ဆရာ ဆရာမများက ပျက်စီးခဲ့မှုများကို ဦးစွာစစ်ဆေး၍ အန္တရာယ်ရှိ/မရှိ စစ်ဆေးသွားရန်၊ ပျက်စီးမှုအခြေအနေကို အသေးစိတ်ပြုစု၍ စနစ်တကျ မှတ်တမ်းထားရှိရန်၊ ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကောင်းမွန်အောင် စနစ်တကျနေထိုင်ရန်၊ ပျက်စီးသွားသည့် အဆောက်အအုံများသည်အန္တရာယ်ဖြစ်ပေါ်နိုင်ပါက သတိပေးဆိုင်းဘုတ်များ တပ်ဆင်ချိတ်ဆွဲထားရန်၊ ယခုပျက်စီးခဲ့မှုအခြေအနေနှင့်ပတ်သက်၍ နောင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသိရှိနိုင်ရေးအတွက် ဓာတ်ပုံမှတ်တမ်းများနှင့်အတူ စနစ်တကျမှတ်တမ်းတင်ထားရန်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် သတင်းအချက်အလက်၊ အမိန့်၊ ညွှန်ကြားချက်များကို အမြဲမပြတ် လေ့လာဖတ်ရှု၍ လိုက်နာဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၅၆ ဦး၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှ ဝန်ထမ်း ၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်း ၈၇ ဦး၊ ကျောက်ပြားစက်ရုံ(စကျင်) မှ ဝန်ထမ်းကိုးဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၉၅ သိန်း၊ ဝန်ထမ်းမိသားစုဝင် လေးဦးသေဆုံးခဲ့သည့်အတွက် တစ်ဦးလျှင် ခုနစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၈ သိန်း စုစုပေါင်းငွေကျပ် ၂၂၃ သိန်းနှင့် အသင့်စားခေါက်ဆွဲများ၊ ဆီများ၊ အာဟာရမုန့်များကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဦးလှသိန်းဗိမာန်ရှိ ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဆေးကုသမှုခံယူနေသည့် သံဃာတော်များအား ရောဝတီဖောင်ဒေးရှင်းက လှူဒါန်း



ရန်ကုန် ဧပြီ ၃

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ဦးလှသိန်းဗိမာန်စခန်းဖြေဆောင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများကို ယနေ့ထောက်ပံ့ကူညီမှုများပြုလုပ်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းမှ ဦးဇော်ဇော်နှင့်အဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့၊ မနိဇလလူမှုကယ်ဆယ်ရေး၊ ဖေးကူလက်အသင်း၊ ကချင်ပြည်နယ်သခါလူမှုရေးအသင်း၊ သုခကာရီလူမှုကယ်ဆယ်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်းများကို တွေ့ဆုံကာ ကျေးဇူးတင်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များအတွက် အစားအသောက်နှင့် စက်သုံးဆီ စီမံဆောင်ရွက်ပေးသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသည့် သံဃာတော်များ ဆေးကုသမှုခံယူလျက်ရှိသည့် သံဃာတော်များအတွက် လှူဒါန်းခြင်းတို့အပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကိုမိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လျှော်ဘေးဒဏ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မေ ၃**

ပညာရေးဝန်ကြီးဌာန၏ ငလျင်ဘေးဒဏ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် ပညာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာန အလိုက် ပျက်စီးဆုံးရှုံးခဲ့သည့် နောက်ဆုံးအခြေအနေ များကို သတ်မှတ်ထားသည့် စာရင်းဇယားပုံစံဖြင့် စနစ်တကျကောက်ယူကြရမည် ဖြစ်ပါကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစု နေထိုင်သည့် အခန်းအလိုက်၊ တိုက်အလိုက်၊ တက္ကသိုလ်နှင့် ကျောင်းများအလိုက် စနစ်တကျ ပြုစုကြရမည် ဖြစ်ပါကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီ နေထိုင်ရာနေရာများတွင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ ရေ မီးအဆင်ပြေစေ ရေးနှင့် စားဝတ်နေရေး အဆင်ပြေစေရေးတို့အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများက စနစ်တကျကြီးကြပ် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြား သည်။ (ဝဲပုံ)

ထို့နောက် အစည်းအဝေးတက်ရောက်လာသူ များက ငလျင်ဘေးဒဏ်ဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဘေးထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များအား တွေ့ဆုံအားပေး

**နေပြည်တော် မေ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် တာဝန်ရှိသူ များနှင့်အတူ ယနေ့မွန်းလွဲပိုင်း တွင် ငလျင်ဘေးထိခိုက်ခံစားခဲ့ရ သော ဝန်ကြီးဌာနမှ ဝန်ထမ်း များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး အစားအသောက်၊ ခြင်ထောင်နှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ပြိုကျပျက်စီးနေ



သည့် အဆောက်အအုံများအတွင်း ထပ်မံဝင်ရောက်ခြင်း မပြုကြရန်၊ ဝမ်းရောဂါနှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာ ရေးအသိသတိဖြင့် နေထိုင်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ရွှေနန်းတော် ဟိုတယ်၌ နေပြည်တော်ဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် နေပြည်တော်အတွင်းရှိ ဟိုတယ်/ တည်းခိုရိပ်သာများမှ တာဝန်ရှိသူ များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ တည်းခိုနေထိုင်ရေး အဆင်ပြေစေ ရန် ကူညီဆောင်ရွက်ပေးကြ သည့်အတွက် ကျေးဇူးတင်ရှိပါ ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ လာရောက်ကူညီနိုင်ရေး ဖိတ်ခေါ် ကမ်းလှမ်း ထားရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ် ရေးအဖွဲ့များအနေဖြင့် ဘေးသင့် ဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိခိုက် ပျက်စီးသွားသော အဆောက်အအုံများအတွင်း ခွင့်ပြု ချက်မရရှိဘဲ ဝင်ရောက်ခြင်း မပြုကြရန်နှင့် ဘေးအန္တရာယ် ကင်းစွာ နေထိုင်ကြရန်၊ ငလျင် အန္တရာယ်ဆိုင်ရာ သတိပြုရန် ထုတ်ပြန်ချက်များအား သိရှိ လိုက်နာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ခွင့်ပြုချက် မရရှိသေးဘဲ အထပ်မြင့်ဟိုတယ် များအနေဖြင့် ဧည့်သည်များ ကို ဝန်ဆောင်မှုပေးခြင်း ဂရုပြု ရှောင်ကြဉ်ကြရန် လိုအပ်ပါ ကြောင်း၊ ပြန်လည်ထူထောင်နိုင် ရေးအတွက် ဟိုတယ်နှင့်ခရီးသွား ဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်/ တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင် သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ပေးကြစေလိုပါ ကြောင်း တိုက်တွန်းပြောကြား သည်။

ထို့နောက် တက်ရောက်လာ ကြသူများက ဟိုတယ်/တည်းခို ရိပ်သာများမှ ထိခိုက်ပျက်စီး ဆုံးရှုံးမှုအခြေအနေ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ လည်ပတ်နိုင်ရေး အတွက် တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# မန္တလေးမြို့၌ ငလျင်ဒဏ်ခံရသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**မန္တလေး မေ ၃**

မန္တလေးမြို့တွင် မတ် ၂၈ ရက် က ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် နိုင်ငံတကာ မှ ကူညီကယ်ဆယ်ရေးအဖွဲ့ များ ရောက်ရှိဆောင်ရွက်ပေး လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းက ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ကူညီ ကယ်ဆယ်ရေးအဖွဲ့နှင့် ကျန်းမာ ရေးစောင့်ရှောက်မှု အဖွဲ့များအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ သည်။

ကျန်းမာရေးတာဝန်ခံ Dr. Belinsky Victor က မန္တလာသီရိ အားကစားကွင်းတွင် အခြေပြုပြီး ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ ကလေးကုသဆောင်၊ စောင့်ကြည့် လူနာဆောင်များ ဖွင့်လှစ်ထား ကြောင်း၊ လိုအပ်သည့် လူနာအခြေ အနေအပေါ်မူတည်၍ ကုသရန် ပြင်ဆင်မှုများ ပြုလုပ်ပေးထား ကြောင်း၊ လူနာများကိုလည်း နှစ်ပတ်ကြာ စောင့်ကြည့်ကုသ






ပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် လာရောက်ကုသသူ ၂၀ မှ ၃၀ ရှိ ကြောင်း၊ မိမိတို့သည် အဆွေတော် တို့နှင့် အတူတူရှိနေပြီး လိုအပ် သည့် အကူအညီတိုင်းကို ကူညီရန် အသင့်ရှိနေပါကြောင်း ပြောကြား သည်။

ထို့နောက် ရုရှားမီးသတ် တပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး Mr . Dmitry က မြန်မာနိုင်ငံကို လွန်ခဲ့သည့် ရက်အနည်းငယ်က စတင်ရောက်ရှိခဲ့ပါကြောင်း။

ရုရှားဖက်ဒရေးရှင်း နိုင်ငံ သမ္မတနှင့် ဝန်ကြီးတို့၏ စေလွှတ် မှုနှင့်အတူ ရုရှားကယ်ဆယ်ရေး အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လတ်တလောတွင် မန္တလေးမြို့၌ နေရာများခွဲ၍ လိုအပ်သည့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ လူအင်အား ၂၆၀ ဝန်းကျင်ဖြင့် အရေးကြီးလိုအပ်သည့် နေရာများ ကို ဦးစားပေးကူညီဆောင်ရွက် လျက်ရှိပြီး အချို့နေရာများတွင် ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့ များနှင့်အတူ ပူးပေါင်းဆောင်ရွက် နေပြီဖြစ်သည့်အတွက် ပိုပြီး ကောင်းလာဖို့သာ ရှိပါကြောင်း၊ မိတ်ဆွေတို့အနေဖြင့် စိတ်ရှည်ရှည် ထား၊ အားတင်းထား၊ ရုရှား ကယ်ဆယ်ရေး အဖွဲ့များက မြန်မာပြည်သူ ပြည်သားများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်း ပေးရန်အတွက် ရောက်ရှိနေခြင်း ဖြစ်ပါကြောင်း၊ အားလုံးအနာဂတ် မှာ ကောင်းမွန်သွားပါလိမ့်မည်၊ အားတင်းထားပါဟု အားပေး ပြောကြားသည်။ **ဇာနည်ကိုကို**

# အစိုးရရာထူးမှ အီလွန်မက်စ် နောက်ဆုတ်သွားဖွယ်ရှိဟု ထရမ့်ပြော

**ဝါရှင်တန် ဧပြီ ၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီလွန်မက်စ်သည် ၎င်း၏ အစိုးရရာထူးမှ နောက်ဆုတ်သွားဖွယ်ရှိသည်ဟု အတွင်းလူများကို ပြောထားကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက်ဖြစ်သည့် ပိုလစ်တီကိုတွင် ဖော်ပြထားသည်။

ဘီလျံနာသူဌေးကြီးဖြစ်သူ အီလွန်မက်စ်သည် ဒီအိုဂျီအီးဟု ခေါ်ဝေါ်သည့် ဝန်ထမ်းလျှော့ချရေးနှင့် အသုံးစရိတ်လျှော့ချရေးဌာနကို ဦးဆောင်သူလည်းဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်သည် အီလွန်မက်စ်နှင့် ဒီအိုဂျီအီးဌာန၏ လုပ်ဆောင်မှုများကို ကျေနပ်အားရဆဲဖြစ်ကြောင်း၊ သို့သော်လည်း အီလွန်မက်စ်သည် ၎င်း၏စီးပွားရေးလုပ်ငန်းများဆီပြန်သွားရန် အချိန်ဖြစ်သည်ဟု မကြာသေးမီက နှစ်ဦးသားတွေ့ဆုံစဉ် ဆုံးဖြတ်ခဲ့ကြောင်း ဧပြီ ၂ ရက်ထုတ် သတင်းတွင် ဖော်ပြထားသည်။

ထရမ့်အစိုးရအဖွဲ့ အပြင်ပိုင်းနှင့်အတွင်းပိုင်းရှိ လူများသည် အီလွန်မက်စ်၏ ခန့်မှန်းမရနိုင်သော လုပ်ဆောင်မှုများကို စိတ်ပျက်နေကြကြောင်း ပိုလစ်တီကိုတွင် ဖော်ပြထားသည်။ ယခုနှစ် ပထမလေးလအတွင်း အီလွန်မက်စ်၏ တက်စလာကားကုမ္ပဏီသည် အရောင်းပိုင်း၌ ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အီလွန်မက်စ်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုများအတွက် အမေရိကန်နှင့် နိုင်ငံရပ်ခြားတွင် လူအများ၏ တုံ့ပြန်မှုကြောင့် ကားရောင်းအားများ ကျဆင်းသွားရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပိုလစ်တီကိုတွင် သတင်းဖော်ပြခဲ့ပြီးနောက် တက်စလာကုမ္ပဏီမှာ ဧပြီ ၂ ရက်တွင် အခြေအနေပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။



ဘီလျံနာသူဌေးကြီးဖြစ်သူ အီလွန်မက်စ်။

အင်န်အိတ်ချ်ကေ

# မလေးရှားနိုင်ငံ၌ ဓာတ်ငွေ့ပိုက်လိုင်းမီးလောင်မှုကြောင့် ၁၀၀ ကျော် ဒဏ်ရာရ

**ကွာလာလမ်ပူ ဧပြီ ၃**

မလေးရှားနိုင်ငံ၌ ဧပြီ ၁ ရက် ညဓာတ်ငွေ့ပိုက်လိုင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၁၀၀ ကျော်ရှိကြောင်း သိရသည်။ ယခုအခါ မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သည်။

ကွာလာလမ်ပူမြို့စွန် လူနေအိမ်များအနီးတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းကို နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီကြီး ဖြစ်သည့် ပက်ထရိုနက်စ်က စီမံခန့်ခွဲသည်။

မီးလောင်မှုကြောင့် သေဆုံးသူမရှိသော်လည်း ၁၈၀ ခန့် ဆေးရုံတက်ရောက် ကုသမှုခံယူနေရသည်ဟု အာဏာပိုင်များက ပြောသည်။

၎င်းတို့သည် မီးလောင်ဒဏ်ရာများ၊ အခြားဒဏ်ရာများနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာပြဿနာများကြောင့် ဆေးရုံတက်ကာ ကုသမှုခံယူနေရခြင်းဖြစ်သည်။

လူနေအိမ်နှင့် မော်တော်ယာဉ်များ ရာနှင့်ချီ၍ ပျက်စီးခဲ့ရကြောင်း သိရသည်။ မီးလောင်မှုမှာ အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း၊ မီးလောင်နေသည့် အပျက်အစီးများမှာ အခြားသောနေရာများသို့ ပြန့်ကျဲကျရောက်သွားကြောင်း အသက် ၅၉ နှစ်အရွယ် ဒေသခံတစ်ဦးက ပြောသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကလည်း ယခုအခင်းဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားခဲ့ရသူများမှာ ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ရရှိမည်ဟု ပြောသည်။



အင်န်အိတ်ချ်ကေ

# သီရိလင်္ကာနိုင်ငံက အမေရိကန်အခွန်စည်းကြပ်မှု၏ အကျိုးသက်ရောက်မှုဆိုင်ရာ လေ့လာရေးကော်မတီဖွဲ့စည်း

**ကိုလံဘို ဧပြီ ၃**

သီရိလင်္ကာသမ္မတ အနူရာ ကူမာရာ ဒစ္စနာရာကီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စနစ်သစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အလားအလာများဆိုင်ရာ ဆန်းစစ်လေ့လာမှုတစ်ရပ်ပြုလုပ်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သမ္မတ၏ မီဒီယာဌာနခွဲက ဧပြီ ၃ ရက်တွင် ပြောကြားသည်။

အဆိုပါကော်မတီ၏ လေ့လာဆန်းစစ်အကြံပြုချက်များကို အစိုးရထံ တင်ပြသွားရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါကော်မတီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အတွင်းရေးမှူး၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ ဥက္ကဋ္ဌ၊ သီရိလင်္ကာပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ စီးပွားရေးရာဌာနညွှန်ကြားရေးမှူးချုပ်နှင့် သမ္မတ၏ စီးပွားရေးအကြံပေး အကြီးတန်းအရာရှိတို့ ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုသည် သီရိလင်္ကာအတွက် အရေးကြီးသော ပို့ကုန်ဈေးကွက်နိုင်ငံတစ်ခုဖြစ်ပြီး အထူးသဖြင့် အဝတ်အထည်များ တင်ပို့လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာမှ အမေရိကန်သို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့် တင်ပို့ခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်က ကုန်သွယ်ဖက်နိုင်ငံများအပေါ် "အပြန်အလှန်အကောက်ခွန်" ဟုခေါ်သည့် အခွန်စည်းကြပ်မှုကို လုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၂ ရက်က ကြေညာခဲ့ရာ ယခုအခါ သီရိလင်္ကာနိုင်ငံသည် အကောက်ခွန် ၄၄ ရာခိုင်နှုန်းတိုးမြှင့်လာမှုနှင့် ရင်ဆိုင်နေရသည်။

ဆင်ဟွာ

# လာအိုနိုင်ငံတောင်ပိုင်း၌ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း စတင်

**ဗီယင်ကျန်း ဧပြီ ၃**

လာအိုနိုင်ငံတောင်ပိုင်း စီခွန်းပြည်နယ်ရှိ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ရှိသည့် စက်ရုံခြောက်ခုပါဝင်ပြီး စုစုပေါင်း ၁၈၀၀ မဂ္ဂါဝပ် ထွက်ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အုတ်မြစ်ချအခမ်းအနားကို ဧပြီ ၂ ရက်က ကျင်းပရာ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆာလမ်ဆေး ကွန်မက်ဆစ် တက်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံပိုင်လျှပ်စစ်ကုမ္ပဏီနှင့် ဓာတ်အားဝယ်ယူရေးသဘောတူညီချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တင်ပို့ရောင်းချမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနက ဧပြီ ၃ ရက်တွင် ပြောကြားသည်။

အမေရိကန်ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိ အဆိုပါစီမံကိန်းကို ၂၀၂၈ ခုနှစ် ဇန်နဝါရီတွင် စတင်လည်ပတ်ရန် မျှော်မှန်းထားသည်။ စက်ရုံခြောက်ရုံလုံးကို ၂၀၃၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၆၀ ပြည့်နှစ်အထိနှစ် ၃၀ သက်တမ်းဖြင့် စတင်လည်ပတ်ရန် စီစဉ်ထားသည်။

စီမံကိန်းအပြင် လာအို-ကမ္ဘောဒီးယားနယ်စပ်သို့ ၂၅၃ ကီလိုမီတာ ရှည်လျားသည့် ကီလိုဗို့ ၅၀၀ ဓာတ်အားလိုင်းကိုလည်း ဆက်သွယ်ပေးမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် လာအိုနိုင်ငံ၏ စွမ်းအင်တင်ပို့မှုကို မြှင့်တင်ရန်နှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများ အားကောင်းလာစေရန် မျှော်လင့်ထားကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ ရာဇဝတ်မှုများတွင်ပါဝင်သူ ၆၂ ဦးကို ဖမ်းဆီး

**ကဘူးလ် ဧပြီ ၃**

အာဖဂန်ရဲတပ်ဖွဲ့က တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်းအပါအဝင် ရာဇဝတ်မှုလုပ်ငန်းများတွင် ပါဝင်သည့် စွပ်စွဲချက်များဖြင့် လူ ၆၂ ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးရာဝန်ကြီးဌာနက ဧပြီ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

မူးယစ်ဆေးဝါး နှိမ်နင်းရေးရဲတပ်ဖွဲ့က ကဘူးလ်မြို့ ဆင်ခြေဖုံးတစ်ခု၌ တရားမဝင်မူးယစ်ဆေးဝါး ကုန်ကူးခြင်းနှင့် ဝယ်ယူခြင်းတို့တွင် ပါဝင်သည်ဟု သံသယရှိသူ ၂၉ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖမ်းဆီးခံရသူများထံမှ ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွဆေးပြားများနှင့် အခြားတရားမဝင်မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

အလားတူ ရဲတပ်ဖွဲ့သည် မကြာသေးမီက မြောက်ပိုင်း ပြည်နယ်များဖြစ်သည့် ခန်ဒပ်ဇ်၊ တာခါနှင့် အရှေ့ပိုင်းကူနာ ပြည်နယ်တို့တွင် လူသတ်မှုနှင့် ခိုးမှုများအပါအဝင် ရာဇဝတ်မှုလုပ်ငန်းများတွင် ပါဝင်သူ ၃၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ စစ်ဒဏ်ခံခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ ဥပဒေစိုးမိုးမှုရှိစေရန် ရာဇဝတ်ဂိုဏ်းများနှင့် တရားမဝင်မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို နှိမ်နင်းရန် အာဖဂန်ကြားဖြတ်အစိုးရက ကတိပြုထားကြောင်း သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မာလူကူပြည်နယ်၌ ပြင်းအား ၅ ဒသမ ၉ ရှိ ငလျင်လှုပ်

**ဂျကာတာ ဧပြီ ၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက်မာလူကူပြည်နယ်တွင် ဧပြီ ၃ ရက် နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်သည် လိုလိုဒါခရိုင်၏ အနောက်တောင်ဘက် ၁၂၁ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၄၂ ကီလိုမီတာအနက် ဗဟိုပြု၍ ဧပြီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃ မိနစ်က လှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကို တာနာတီမြို့နှင့် ဟဲလ်မာဟဲရာဒေသတို့တွင် ပြင်းအားအဆင့် ၂ မှ အဆင့် ၃ အတွင်း ခံစားခဲ့ရပြီး အနီးတစ်ဝိုက်ပြည်နယ်များဖြစ်သည့် မာနာဒို၊ ဘိုင်ထန်နှင့် မြောက်ဆူလာဝေစီပြည်နယ်တို့တွင်လည်း အလားတူခံစားခဲ့ရသည်။

ငလျင်သည် ကြီးမားသောလှိုင်းလုံးများ(ဆူနာမီ) ဖြစ်ပေါ်မည့် အလားအလာမရှိသောကြောင့် အေဂျင်စီက ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ထို့အတူ ယင်းနေ့ နံနက် ၄ နာရီ ၃၁ မိနစ်တွင် ပြင်းအား ၄ ဒသမ ၉ အဆင့်ရှိ နောက်ဆက်တွဲငလျင်တစ်ခုလည်း လှုပ်ခတ်ခဲ့သည်။ ပစိဖိတ်မီးတောင်ရပ်ဝန်းအတွင်း တည်ရှိနေသည့် အင်ဒို နီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်နိုင်မှု အမြင့်မားဆုံးခံစားရသည့် နိုင်ငံတစ်ခုလည်းဖြစ်သည်။

ဆင်ဟွာ

# နိုင်ငံရေးပါတီ (၂၉) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏**

**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

**၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ( ၆ ) ရက်**

**၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၃ ) ရက်**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၂ ) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၂)ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

(ခ) လက်ရှိအချိန်တွင် မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(ဂ) ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့် လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ" ကို အားပေးထောက်ခံပါကြောင်း၊ ၂-၄-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်သည့် "ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်" ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ၎င်းဆောင်ရွက်ချက်များမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်နိုင်လိမ့်မည်" ဟု ယုံကြည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည် -

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသား အင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးပါတီ | |

## သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဆုတောင်းမေတ္တာပို့



**ရန်ကုန် ဧပြီ ၃**

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွင်း သာသနာ့ရက္ခိတမဏ္ဍပ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရွှေဘုန်းပွင့်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယသီရိမင်္ဂလာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များ မေတ္တာပို့ရွတ်ဆိုကြပြီး ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးသူများအား ဆုတောင်းမေတ္တာပို့သ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအား တပ်မတော်သားမိသားစုဝင်များက စားသောက်ဖွယ်ရာများ လှူဒါန်း



**နေပြည်တော် ဧပြီ ၃**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင် လှုပ်ခတ်မှုနှင့် နောက်ဆက်တွဲငလျင်များကြောင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ထမ်းအိမ်ရာအချို့ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား တပ်မတော်သား မိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော စားသောက်ဖွယ်ရာများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာသို့ သွားရောက်လှူဒါန်းကြသည်။

ဦးစွာ တပ်မတော်မှ အရာရှိစစ်သည်၊ မိသားစုများက ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်အားပေးစကား ပြောကြားကြသည်။

ထို့နောက် တပ်မတော်သားမိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော စားသောက်ဖွယ်ရာများကို ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိ

**ပဲခူး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများကို မတ် ၃၀ ရက်မှ စတင်၍ နေ့စဉ် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အနီးကပ်ကြီးကြပ်၍ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ထွက်ရှိသော ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ အသင့်စား စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများပါဝင်သော မော်တော်ယာဉ်ကြီး ငါးစီးဖြင့် မတ် ၃၀ ရက်မှစ၍ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် နေ့စဉ်ပို့ဆောင်ပေးနေပြီဖြစ်ကာ ယနေ့တွင်လည်း မော်တော်ယာဉ်ကြီးများဖြင့် ကြက်ဥ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ရေသန့်ဘူးများ ထပ်မံပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်**
**(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာ ရွှေညောင်ပင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် ဧပြီ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်လှူဒါန်းမှုနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းမှုတို့ဖြင့် တည်ဆောက်ထားသည့် ရွှေညောင်ပင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ် လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ မော်လမြိုင်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေ၊ မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချိုချိုတို့က ရွှေညောင်ပင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ လေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံယူပြီး စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပုဇွန်တောင်မြို့နယ်၌ နွေရာသီကျောင်းအခြေပြု ကင်းထောက်လူငယ်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ နွေရာသီကျောင်းအခြေပြု ကင်းထောက်လူငယ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၁) ရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ဦးဉာဏ်ထွန်းဦးက ကင်းထောက်သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာက ကင်းထောက်ဆိုတာ လူငယ်များအား လက်တွေ့ကျသည့် ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကင်းထောက်လုပ်ငန်းသည် လူမှုဝန်ထမ်းကိစ္စအတွက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကင်းထောက်သင်တန်းနည်းပြဆရာမများနှင့် အလှူရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုလက်မှတ်များချီးမြှင့်ပေးအပ်ပြီး ကင်းထောက်လူငယ်များက ကင်းထောက် ကတိသစ္စာခံယူကြကာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယကနှင့် မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ်တို့က ကင်းထောက်လူငယ်များအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**



## တောင်ငူမြို့၌ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ တောင်ငူခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တောင်ငူခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါ်ခင်သန်းဝင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဘရွှေနှင့် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသီဟထွန်းတို့က သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေပေးအပ်သည်။

သင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၂ ရက်အထိ ဘောလုံး၊ ဘတ်စကက်ဘော၊ မြန်မာ့ရိုးရာခြင်း၊ Fitness Dance၊ တိုက်ကွမ်ဒို၊ စစ်တုရင်နှင့် စားပွဲတင်တင်းနစ်အခြေခံအားကစားနည်းများကို အခမဲ့သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018**

သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |































**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူအချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတကာမှကယ်ဆယ်ရေး အဖွဲ့များနှင့် ပြည်တွင်းရှိ ပူပေါင်းအဖွဲ့များက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယနေ့တွင် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြသည်။

**ရှာဖွေကူညီကယ်ဆယ်ရေးဆောင်ရွက်**

ယနေ့နံနက်ပိုင်းမှ စတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အဖွဲ့များခွဲ၍ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တူကီယဲနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် ဗဟိုမီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူများအား သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးခြင်း၊ သရုပ်ဖော်ပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး **(အပေါ်ယာပုံ)** ဆရာဝန်များ၊ သူနာပြုအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးခွေးများ၊ အထောက်အကူပြုကားများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ မြို့နယ်၊ ရပ်ကွက်များအတွင်းရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းကာ**(အောက်ပုံ)** ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက်သေဆုံး ခဲ့ကြရသည့် ပြည်သူအချို့၏ ရုပ်အလောင်းများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်စေရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍ GEA Search and Rescue အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Ali Onur Ginsel က "ကျွန်တော်တို့အဖွဲ့အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး ပြည်သူတွေထိခိုက်သေဆုံးခဲ့ရတဲ့အတွက် များစွာစိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်တို့အဖွဲ့က ပရဟိတအဖွဲ့ဖြစ်ပါတယ်။ အခုက မြန်မာနိုင်ငံမှာ ဆောင်ရွက်ပေးမှာကတော့ ရှာဖွေကယ်ဆယ်ရေးအပိုင်း ဖြစ်ပါတယ်။ အဖွဲ့ထဲမှာ အင်ဂျင်နီယာတွေလည်း ပါဝင်တဲ့အတွက် လိုအပ်တဲ့နေရာမှာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ရောက်တဲ့နေ့မှာပဲ အဆောက်အအုံမှာ ပိတ်မိနေတဲ့ လူနှစ်ယောက်ကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ ငလျင်ဒဏ်သင့် အဆောက်အအုံတွေရဲ့ ခံနိုင်ရည်ကို စစ်ဆေးတိုင်းတာပေးနေခြင်းဖြစ်ပါတယ်။ မြန်မာပြည်သူပြည်သားတွေအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံတဲ့နေရာမှာ နေထိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟုပြောသည်။

**ရွှေ့ပြောင်းနေရာချထားပေး**

ထို့ပြင် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုကာ ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွှေ့လျားဆေးကုသယာဉ်အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့်နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းနေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် လမ်း၊ တံတားများသည်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါလမ်းများပေါ်တွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက စက်ယန္တရားများအသုံးပြု၍ ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြသည်။

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် လျှပ်စစ်မီးတိုင်များ၊ ခတ်ကြိုးများသည်လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ သည်လည်း အချိန်မီ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး နေ့မအား ညမနား အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်အထိ ၇၄ ရာခိုင်နှုန်းခန့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများအား စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများလှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့်မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြေရှင်းနိုင်ရေးယာယီရေကန်များ၊ ငလျင်ဒဏ်ခံစားခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေးရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်းမော်တော်ယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်ရေးစီစဉ်လျက်ရှိသည်။

အလားတူ Bo Bo Entertainment Co.,Ltd နှင့် အတူ အနုပညာရှင်များ၊ အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာနတို့မှ ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ သယ်ဆောင်လျက် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိလာကြရာ မေ ၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ AHA Centre၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာရပ်စော်ဘွားများသမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ ဂျပန်နိုင်ငံမှ နီပွန်ဖောင်ဒေးရှင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့ပါဝင်ပြီး အဆိုပါ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များသည် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ နိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ရှိ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများအား အနုပညာရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၃**

နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများအား Bo Bo Entertainment Co., Ltd. နှင့် အနုပညာရှင်များ၊ အလှူရှင်များစုပေါင်း၍ ဆန်၊ ကြက်ဥ၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ ပေါင်မုန့်၊ ကိတ်ခြောက်၊ ရေသန့် စသည့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းက ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရာ နေရာများသို့ သွားရောက်လှူဒါန်းသည်။

ရေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ငလျင်ဘေးသင့် ဝန်ထမ်း မိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ပြီး အလားတူ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနားမြို့ပေါ်ရှိ ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ လှူဒါန်းရာတွင် ဆန်အိတ် ၇၀၀ ကျော်နှင့် ကြက်ဥ၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ အပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၇၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့ညနေပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ



မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီဆေးဝါးများ တင်ဆောင်လာသော Moalem Aviation လေကြောင်းလိုင်းမှ Cargo Flight (ကယ်ဆယ်ရေးပစ္စည်းတင်) လေယာဉ်သည် အိန္ဒိယနိုင်ငံ ကိုးကဿတားလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့် ဒေသများအတွက် လှူဒါန်းသောပစ္စည်းများတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါး ၁၄၈ ထုပ်၊ ၃၄၅၈၈ Kg ပါဝင်ပြီး ရန်ကုန်မြို့သို့ ရောက်ရှိစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နန္ဒဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ လွှဲပြောင်း လက်ခံရေးကွပ်ကဲမှုအဖွဲ့(လေဆိပ်) မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ WHO ရုံးမှ Administrative Officer ဖြစ်သူ Dr Hyon Chon Pak နှင့် တာဝန်ရှိသူများက ပစ္စည်းများကို လွှဲပြောင်း လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၃ ရက်အထိ သေဆုံးသူ ၃၁၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၈၉ ဦးနှင့် ပျောက်ဆုံးသူ ၂၂၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၂၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၃ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံနှစ်နိုင်ငံမှ လေယာဉ်စီးရေ သုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၅၄ ဒသမ ၁၇၅ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့်အကွာ၊ အနက် ၁၀ ကီလိုမီတာ ဗဟိုပြု၍ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်သွားမှုနှင့် စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သေဆုံး/ဒဏ်ရာရ/ပျောက်ဆုံးစာရင်း

၃-၄-၂၀၂၅ ရက်နေ့၊ ၁၈၀၀ အချိန်ထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | သေဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ပျဉ်းမနား | ၁၄၉ | ၃၅၄ | | |
| | | ဇမ္ဗူသီရိ | ၁၇၉ | ၁၃၀ | ၁ | |
| | | လယ်ဝေး | ၄၉ | ၁၁၂ | ၁ | |
| | | ဒက္ခိဏသီရိ | ၆ | ၈ | | |
| | | ဇေယျာသီရိ | ၁၉ | ၃၇ | | |
| | | ပုဗ္ဗသီရိ | ၄၂ | ၇၅ | ၃ | |
| | | တပ်ကုန်း | ၂၈ | ၇၀ | | |
| | | ဥတ္တရသီရိ | ၃၉ | ၅၆ | ၄ | |
| ပေါင်း | | | ၅၁၁ | ၈၄၂ | ၉ | |
| ၂ | စစ်ကိုင်း | စစ်ကိုင်း | ၄၆၇ | ၆၆၉ | ၂ | |
| | | မုံရွာ | ၁ | | | |
| | | ရွှေဘို | ၃ | ၁၉ | | |
| ပေါင်း | | | ၄၇၁ | ၆၈၈ | ၂ | |
| ၃ | ပဲခူး | ဖြူး | ၁၂ | ၄၅ | | |
| | | တောင်ငူ | ၁၄ | ၄၄ | | |
| | | ရေတာရှည် | ၁၀ | ၈၀ | | |
| | | အုတ်တွင်း | ၃ | ၂၈ | | |
| | | ကျောက်တံခါး | ၄ | ၃၇ | | |
| | | ထန်းတပင် | ၁ | | | |
| ပေါင်း | | | ၄၄ | ၂၃၄ | | |
| ၄ | မကွေး | ပခုက္ကူ | | ၁ | | |
| ပေါင်း | | | | ၁ | | |
| ၅ | မန္တလေး | မဟာအောင်မြေ | ၁၉၂ | ၄၀ | | |
| | | ချမ်းအေးသာစံ | ၂၀၅ | ၁၁၅ | | |
| | | ချမ်းမြသာစည် | ၁၁၆ | ၆၅၃ | | |
| | | ပြည်ကြီးတံခွန် | ၆၈ | ၄၄ | ၄ | |
| | | အောင်မြေသာစံ | ၁၆၃ | ၂၀၆ | ၂၀၁ | |
| | | ပုသိမ်ကြီး | ၃၅ | ၆၉ | | |
| | | မတ္တရာ | ၂၅ | ၅၅ | | |
| | | အမရပူရ | ၃၁၁ | ၈၆ | | |
| | | ကျောက်ဆည် | ၁၇၄ | ၄၅၀ | | |
| | | မြစ်သား | ၄၁ | ၂၂၇ | | |
| | | စဉ့်ကိုင် | ၁၃၄ | ၂၀၁ | | |
| | | တံတားဦး | ၁၄၇ | ၉၆ | | |
| | | ငါန်းဇွန် | | | | |
| | | မိတ္ထီလာ | ၁၄ | ၃၃ | | |
| | | သာစည် | ၄၇ | ၆၄ | | |
| | | ဝမ်းတွင်း | ၅၂ | ၅၁ | | |
| | | ရမည်းသင်း | ၉၆ | ၁၃၄ | | |
| | | ပျော်ဘွယ် | ၂၃၃ | ၁၆၇ | ၅ | |
| ပေါင်း | | | ၂၀၅၃ | ၂၆၉၁ | ၂၁၀ | |
| ၆ | ရှမ်း | ပင်လောင်း | ၃ | ၁၉ | | |
| | | ညောင်ရွှေ | ၅၀ | ၅၀ | | |
| | | တောင်ကြီး | ၃ | ၄ | | |
| | | ကလော | ၁၀ | ၄၂ | | |
| | | မိုးနဲ | | ၇ | | |
| | | ရွာငံ | | ၁ | | |
| | | လဲချား | | ၁ | | |
| | | ရပ်စောက် | | ၁ | | |
| | | ပင်းတယ | | ၈ | | |
| ပေါင်း | | | ၆၆ | ၁၃၃ | | |
| **စုစုပေါင်း** | | | **၃၁၄၅** | **၄၅၈၉** | **၂၂၁** | |

## ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံပါဝင်သော ဈေးကားခြောက်စီး ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် အိမ်တိုင်ရာရောက် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံ ပါဝင်သော ဈေးကားခြောက်စီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသော ဈေးနှုန်းများဖြင့် မတ် ၃၀ ရက်မှစတင်ကာ အိမ်တိုင်ရာရောက် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ယနေ့ ငါးရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးကြောင်း သိရှိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဒ္ဒေါသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၄၃၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၃၂၀ ၊ ဆီ ပိဿာ ၆၉၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၂၀၀၀၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၉၆၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၁၃၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးလွင်ဦး ငလျင်ဘေး ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းများနှင့် မိသားစုများအား အစားအစာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဘေးထိခိုက်ခံစားခဲ့ရသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းများနှင့် မိသားစုများအား ယနေ့ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ အားဖြည့်အချိုရည် စသည့် အစားအစာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နေပြည်တော်၊ ပျဉ်းမနား၊ စစ်ကိုင်း၊ မန္တလေးမြို့တို့၌ ဆေးနှင့်ဆေးပစ္စည်းများနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ခုတင်-၁၀၀၀ ဆေးရုံ၌ ဆေးနှင့် ဆေးပစ္စည်းများ၊ ထမင်းဘူးများ၊ ရေသန့်နှင့် စားသောက်ကုန်များကို ဆေးရုံတက်ရောက်နေသူများနှင့် ဝန်ထမ်းမိသားစုများထံသို့ လည်းကောင်း၊ ပျဉ်းမနားမြို့အတွင်းရှိပြည်သူများထံသို့ လည်းကောင်း သွားရောက်လှူဒါန်းသည်။

အလားတူ အတွင်းရေးမှူး ဦးသန့်ဇော်နှင့် အဖွဲ့ဝင်များက စစ်ကိုင်းမြို့၌ လည်းကောင်း၊ ကလောခရိုင် အဖွဲ့ဝင်များက မန္တလေး၌ လည်းကောင်း သွားရောက်လှူဒါန်းကြသည်။

ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ဆက်လက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ငလျင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား နိုင်ငံတကာမှလာရောက်သည့်ဆေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ငလျင်ဘေးသင့်ဒေသများဖြစ်သည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆေးရုံကြီးများတွင် ရောဂါပြင်းထန်သည့် လူနာများအား အချိန်နှင့်တစ်ပြေးညီ အထူးကြပ်မတ်ကုသလျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးများမှ ရောဂါဝေဒနာသက်သာသည့် လူနာများအား ငလျင်ဘေးသင့်လူနာများအတွက် ဖွင့်လှစ်ထားရှိသည့် ရောဂါကုသရေးစင်တာများသို့ လွှဲပြောင်းနေရာချထားကာ ရောဂါဝေဒနာ သက်သာပျောက်ကင်းသည်အထိ ဆက်လက်ကုသပေးလျက်ရှိသည်။ ထို့ပြင် ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာမှ လာရောက်သည့် ဆေးအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ဧပြီ ၂ ရက်၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသခြင်းလုပ်ငန်းကို ဘူတန်နိုင်ငံဆေးအဖွဲ့မှ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့သည် နေပြည်တော်ကလေးဆေးရုံကြီးတွင် အခြေပြု၍လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ တွင်လည်းကောင်း၊ ဖိလစ်ပိုင် PEMAT ဆေးအဖွဲ့သည် လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံတွင် အခြေပြု၍ လည်းကောင်း၊ ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သီရိမန္တလာ အားကစားကွင်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆေးအဖွဲ့မှ လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းနေရာ၌ အိန္ဒိယနိုင်ငံဆေးအဖွဲ့မှလည်းကောင်း၊ ဧပြီ ၃ ရက်တွင် လာအိုနိုင်ငံ အရေးပေါ်ဆေးအဖွဲ့မှ ကျောက်ဆည်ဆေးရုံ၌လည်းကောင်း၊ ဧပြီ ၂ ရက်တွင် မလေးရှားကယ်ဆယ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ငလျင်လှုပ်ပြီး ငါးရက်ကြာ ပိတ်မိနေသော ငလျင်ဘေးသင့်လူတစ်ဦးအား ကယ်ဆယ်နိုင်ခဲ့၍ ၎င်းလူနာအား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းဆေးရုံကြီး၌ လည်းကောင်း၊ ဧပြီ ၃ ရက်တွင် AHA Center မှ Asian-ERAT (Asian Emergency Response and Assessment Team) မှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များသည် စစ်ကိုင်းဆေးရုံကြီး၌ လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ယူနန် (China-CDC) အဖွဲ့တို့ပူးပေါင်း၍ ဧပြီ ၂ ရက်တွင် နေပြည်တော် ဝန်ထမ်းအိမ်ရာ တိုက်အမှတ် (၄၃၅၁) အနီးတစ်ဝိုက်နှင့် အထက(၉)တို့တွင် လည်းကောင်း၊ ဧပြီ ၃ ရက်တွင် ထိုင်းနိုင်ငံ အရေးပေါ်ဆေးအဖွဲ့မှ တပ်ကုန်းမြို့နယ် မြောက်မြို့က်ကျေးရွာတွင် လည်းကောင်း ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများအတွက် ရေနမူနာများရယူစစ်ဆေးခြင်း၊ ရေသန့်စင်ဆေးပြားများ ခတ်ပေးခြင်းနှင့် ဝေငှခြင်း၊ သုခသိဒ္ဓိတိုက်တန်းနှင့် အထက(၉)တွင် ယာယီနေထိုင်လျက်ရှိသော ဝန်ထမ်းများအား လက်သန့်ဆေးရည် (Hand sanitizer) များ ဝေငှခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယနေ့အထိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အဖွဲ့(၈)ဖွဲ့ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ နီပေါနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အဖွဲ့ (၅)ဖွဲ့ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် AHA Center တို့မှ အဖွဲ့ (၃)ဖွဲ့ဖြင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

**ပဲခူး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဧပြီ ၃ ရက် က တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအစည်း အဝေးအမှတ်စဉ်(၁/၂၀၂၅) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားများအတွက် ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်စေရန် စားသောက်ဆိုင်များ၊ ဟိုတယ်/ တည်းခိုရိပ်သာများနှင့် ခရီးသွားကဏ္ဍမှ ဝန်ထမ်း များ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသ ကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် တည်ရှိနေသော ခရီးသွားနေရာများကို ထိန်းသိမ်းပြီး ကြော်ငြာမြှင့်တင်သွားရန်နှင့် ခရီးသွား နေရာအသစ်များ ရှာဖွေဖော်ထုတ်ကာ လာရောက် လည်ပတ်ကြသည့် ခရီးသွားများ၏စိတ်ကျေနပ်မှု ရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားပြပွဲများတွင် တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်း အချက်အလက်များကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် Bago Tourist Guide Map ကို အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာဖြင့် ထုတ်ဝေပေးခဲ့ပြီးဖြစ်သလို တရုတ် ဘာသာ၊ ရုရှားဘာသာတို့ဖြင့်လည်း ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ပနိုင်ငံသားများ စိတ်ဝင်တစား လာရောက် လည်ပတ်လေ့လာသည့် နေရာများတွင် အမှိုက်များ ကင်းစင်ရေး၊ အများသုံးသန့်စင်ခန်းများ အဆင့် အတန်းမီ သန့်ရှင်းသပ်ရပ်မှုရှိစေရေးကို ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် သီတင်းကျွတ်မီးထွန်း ပွဲတော်များ၊ တန်ဆောင်တိုင် မီးပုံးပျံ လွှတ်တင်ပူဇော် ပွဲများ၊ သနပ်ခါးပွဲတော်များ၊ ခြင်းလုံးအလှခတ်ပွဲတော် များအပြင် ရာသီအလိုက် ရိုးရာယဉ်ကျေးမှုပွဲတော် များကို ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း/ ပြည်ပခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြ ရန်နှင့် အထပ်မြင့်ဟိုတယ်များအား မြေငလျင် ဒဏ်သင့် ခံရမှုရှိမရှိ ပြန်လည်စစ်ဆေးရန်နှင့် နေရောင်ခြည်စွမ်းအင်သုံး Solar System များ တပ်ဆင်အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီး သွားလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံက ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင် သက်တမ်းတိုးခြင်း၊ ဧည့်လမ်းညွှန်နှင့် ခရီးသွား လမ်းညွှန် လိုင်စင်သက်တမ်းတိုးခြင်း စသည့်အမှုတွဲ များကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဒုတိယ ဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဟိုတယ် လုပ်ငန်းရှင်များအသင်း(ပဲခူးဇုန်) ဥက္ကဋ္ဌနှင့် တိုင်း ဒေသကြီးအဆင့် ကော်မတီဝင်များက ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍ အလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည် များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# သဘာဝဘေးငလျင်ဒဏ်ကြောင့် ကလော-သာစည် မီးရထားလမ်းပြုပြင်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကလော ဧပြီ ၃**

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများသည် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် သဘာဝ ဘေးငလျင်ဒဏ်ကြောင့် ကလော-သာစည် မီးရထားလမ်းပြုပြင်ပြီးစီး မှုအခြေအနေများနှင့် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွှေတောင်ကြားကွက်ရပ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ဧပြီ ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့ သည် RGC အထွေထွေအသုံးပြုသံလမ်းကားဖြင့် ကလောမြို့မှလယ်ပြင် ကျေးရွာအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသည့် မီးရထား လမ်းများ ပြန်လည်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း၊ ဧပြီ ၃ ရက်မှစ၍ ကလော-သာစည် မီးရထား ပုံမှန် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန် ရှိသူများသည် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွှေတောင် ကြား ကွက်ရပ်၌ သဘာဝဘေးရာဂီမုန်တိုင်းဒဏ်ကြောင့် ရေများကျန်ရှိ နေမှုနှင့် ထူးပေါက်မှ ရေများစီးဆင်းနိုင်ရန် ရေနုတ်မြောင်းများ တူးဖော်



နေမှုကိုကြည့်ရှုရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူးဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့မီးရထားတာဝန်ခံ မှ မီးရထားလမ်းတာပေါင်အောက်မှ ရေထွက်ပေါက် ဆောင်ရွက်မည့် အခြေအနေကိုတင်ပြပြီး တင်ပြမှုအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ် ရေးဝန်ကြီးက သတ်မှတ်ချိန်အပြီး ဆောင်ရွက်နိုင်ရေးနှင့် ဒေသချောင်း တူးဖော်ရေးကော်မတီနှင့် အာရှကမ္ဘာမြေကုမ္ပဏီတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်မြို့နယ်၌ သွင်းအားစုထောက်ပံ့ငွေပေးအပ်

**ပြည် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ်၌ ရာဂီမုန်တိုင်းမတိုင်မီ ကာလ ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော မိုးစပါးစိုက်ကေများအပေါ် ပြန်လည်စိုက်ပျိုးခဲ့သည့် တောင်သူများ အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုး ၂၅ ရာခိုင်နှုန်းထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်း က ပြည်မြို့နယ် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း (ဇီးအုပ်) ၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော မိုးစပါး ပြန်လည်စိုက်ပျိုးခဲ့သည့် တောင်သူ ၃၇၀ ၏ စုစုပေါင်း ၈၀၅ ကေအတွက် တစ်ကေလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၀၂၅၀၀၀၀ ကို တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# တွံတေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**တွံတေး ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေး မြို့နယ် စမ်းရွာကျေးရွာအုပ်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံ ချက် အဆင့်(၃) ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များကို ဧပြီ ၂ ရက် က ကွင်းဆင်းဆောင်ရွက်သည်။



စမ်းရွာ ကျေးရွာအုပ်စုတွင် ဒုတိယလဝကမှူး ဦးဝေယံတိုး အောင်က ပန်းခင်းစီမံချက်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကျေးရွာအတွင်းရှိ ပြည်သူများ အား ကွင်းဆင်းဆောင်ရွက်ပေး သည်။

အဆိုပါ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ထူးနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများက လိုအပ် သည်များ ကူညီဆောင်ရွက်ပေး ကြောင်း သိရသည်။

**တွံတေးသား**

# ရန်ကုန်မြို့၌ လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်း ကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် အနောက်ပိုင်းခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့ပူးပေါင်း၍ လေထုညစ်ညမ်းမှု အကြောင်း အသိပညာပေးဆွေးနွေး ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လူထု အခြေပြုဗဟိုဌာန (ဗဟန်း) ၌ ကျင်းပသည်။

အဆိုပါအသိပညာပေး Talk Show တွင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇေယျာဝင်းက လေထုညစ်ညမ်း မှုအကြောင်း၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာရသည့် အကြောင်း ရင်း၊ လေထုညစ်ညမ်းမှုကြောင့် ဆိုးကျိုးသက်ရောက်မှု၊ လေထု ညစ်ညမ်းမှု လျှော့ချနိုင်မည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ဝန်ထမ်းများအား လေထုညစ်ညမ်း မှုအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့သည်။ **အောင်မြင့်(ပြန်/ဆက်)**



## ကျွန်တော်တို့အနေနဲ့ ထိခိုက်ပျက်စီးမှုတွေကို အားလုံးပူးပေါင်းပြီး ရအောင်ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကျွန်တော်တို့အနေနဲ့ ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးငွေးနိုင်(ဒုတိယအထွေထွေမန်နေဂျာ)**

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်၊ ရပ်ကွက်များအလိုက် လျှပ်စစ်မီးတိုင်များ ပြိုကျပျက်စီးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေရာများခွဲ၍ လျှပ်စစ်မီးတိုင်များ ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများ ပြန်လည်လဲလှယ်စစ်ဆေးခြင်း အပါအဝင် မြို့နယ်များအလိုက် လျှပ်စစ်မီးအပြည့်အဝ ပြန်လည်ရရှိရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးကျော်သစ်ဆန်း (ဒုတိယအင်ဂျင်နီယာချုပ်၊ နေပြည်တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း)**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ ဓာတ်အားလိုင်းတိုင် ၅၃၄ တိုင်နဲ့ ထရန်စဖော်မာ ၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဒါကြောင့် နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဝန်ထမ်းအင်အား ၂၈၉ ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့၊ အနောက်) က ဝန်ထမ်းအင်အား ၆၉ ဦး၊ မကွေးတိုင်းဒေသကြီးက ၃၂ ဦး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ပူးပေါင်းအင်အား ၁၅၁ ဦး စုစုပေါင်း ၅၄၁ ဦးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်နဲ့မြို့နယ်အလိုက် ဆောင်ရွက်နေပါတယ်။ ဧပြီ ၂ ရက်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေနဲ့ ၇၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နောက်ထပ် ၁၀ ရက်လောက်ဆိုရင် လုပ်ငန်းတွေအားလုံးဆောင်ရွက်ပြီးစီးဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်။ လက်ရှိမှာ တချို့နေရာတွေကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျန်တဲ့တချို့နေရာတွေမှာတော့ လိုအပ်ချက်တွေရှိနေတဲ့အတွက် သတိထားပြီး ဆောင်ရွက်နေရပါတယ်။ မကြာခင် မြို့နယ်တွေအလိုက် လျှပ်စစ်မီး ပြန်လည်ရရှိလာတော့မှာဖြစ်ပါတယ်။

**ဦးငွေးနိုင်(ဒုတိယအထွေထွေမန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**

ငလျင်လှုပ်ပြီးတော့ မတ် ၂၈ ရက် ညနေပိုင်းမှာပဲ ကျွန်တော်တို့အဖွဲ့တွေ နေပြည်တော်ကိုလာဖို့ စတင်စုဖွဲ့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ဆီမှာ အရင်ကတည်းက သဘာဝဘေးအတွက် လိုက်လံကူညီဆောင်ရွက်ဖို့အဖွဲ့က ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် လူအင်အား၊ ယာဉ်၊ လုပ်ငန်းသုံးပစ္စည်း၊ ရိက္ခာတွေပြင်ဆင်ပြီး ၂၉ ရက် မွန်းလွဲပိုင်းမှာ သုံးဖွဲ့ခွဲပြီး ထွက်လာခဲ့ကြပါတယ်။ နေပြည်တော်ကို ရောက်တဲ့အချိန်ကစပြီး သက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာ ဆောင်ရွက်နိုင်ဖို့ စီမံတယ်။ ပြီးတော့ မတ် ၃၀ ရက်ကစပြီး စတင်ဆောင်ရွက်ပါတယ်။





ဦးကျော်သစ်ဆန်း(ဒုတိယအင်ဂျင်နီယာချုပ်)



ဦးငွေးနိုင်(ဒုတိယအထွေထွေမန်နေဂျာ)

ပထမအနေနဲ့ ဝန်ထမ်းအိမ်ရာ အပိုင်းတွေမှာ ဓာတ်တိုင်အကျိုးတွေ ဖယ်ရှားရှင်းလင်းတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ရွှေကြာပင်ဘက်မှာရှိတဲ့ ၃၃ ကေဗွီ ဖွံ့ဖြိုးရေး(၂)ဖီဒါက လယ်ကွင်းတွေဘက်မှာ ပျက်စီးနေခဲ့ပါတယ်။ အဲဒီဘက်မှာလည်း နှစ်ဖွဲ့ခွဲပြီး ယိုင်နေတဲ့ဓာတ်တိုင်တွေကို ပြန်လည်တည့်မတ်ပါတယ်။ ကျိုးနေတဲ့ တိုင်တွေကို အစားထိုးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပါတယ်။

ဧပြီ ၁ ရက် ညနေမှာတော့ အဲဒီဖီဒါက ဓာတ်အားလွှတ်နိုင်တဲ့အနေအထား ရောက်ရှိသွားပါတယ်။ ကျန်တဲ့အဖွဲ့တွေက နေပြည်တော်ကောင်စီဖီဒါဟောင်းကိုစစ်ဆေးပြီး ဓာတ်အားလွှတ်နိုင်ခဲ့ပါတယ်။ ခွဲရုံ(၁) ဖြစ်တဲ့ အဆင့်မြင့်ဈေးဘက်က ဖီဒါတွေကို လိုက်လံစစ်ဆေးပြီးတော့ လိုအပ်တာတွေကို ပြုပြင်ဆောင်ရွက်ပေးပြီး ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ခွဲရုံ(၃) ကဖီဒါတွေကိုလည်း စစ်ဆေးပြီး ဓာတ်အားထုတ်လွှတ်နိုင်အောင် ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်ဦးစီးပြီး အင်အား ၁၅၁ ယောက်ကို အဖွဲ့ငါးဖွဲ့ခွဲပြီးတော့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ လက်ရှိအနေနဲ့ ကျန်တဲ့ခွဲရုံတွေကို စစ်ဆေးပြီး ဓာတ်အားလွှတ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

ဒီလို ဆောင်ရွက်တဲ့အခါမှာ မနက် ၇ နာရီကနေ ည ၉ နာရီခွဲလောက်အထိ ဓာတ်အားလိုင်းပြုပြင်ခြင်းတွေ အချိန်ရသလောက်ယူပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ လက်ရှိအချိန်အထိ ၇၄ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။ ကျန်နေတာတွေက အသေးစိတ်စစ်ဆေးဆောင်ရွက်ဖို့ လိုအပ်နေတဲ့အတွက် ခန့်မှန်း ၁၀ ရက်လောက်ဆက်ပြီး အချိန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ထိခိုက်ပျက်စီးမှုတွေကို အားလုံးပူးပေါင်းပြီး ရအောင်ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ပြီး ပြည်သူတွေ လျှပ်စစ်မီးပြန်လည်ရရှိတော့ အင်မတန်ပီတိဖြစ်ရပါတယ်။ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကျွန်တော်တို့အနေနဲ့ ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ကျော်ရဲဆွေ**

## ပြင်းထန်မြေလျင်ဒဏ်ကြောင့် စစ်ကိုင်းတံတား(အင်းဝ) ကျိုးကျပျက်စီးသဖြင့် မန္တလေးနှင့် စစ်ကိုင်းအကြား သွားလာရေးအခက်အခဲကြုံတွေ့နေရမှုအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် မြစ်ကူးကူးတို့ခရီးစဉ်များ အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃**

မတ် ၂၈ ရက် ပြင်းထန်ငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့အား ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား (အင်းဝ) ၏ ခုံးတံတားသံပေါင်ခြောက်ခုပျက်စီးပြီး မြစ်အတွင်းသို့ ပြိုကျသွားခြင်း၊ အလားတူ စစ်ကိုင်းတံတားအသစ်သည်လည်း တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ပျက်စီးမှုအချို့ ဖြစ်ပေါ်သဖြင့် ဖြတ်သန်းခွင့် ကန့်သတ်ချက်များ ရှိနေခြင်းတို့ကြောင့် လူနှင့်ယာဉ်များဖြတ်သန်း သွားလာရေးအတွက် အခက်အခဲကြုံတွေ့နေရသည်။



**အခမဲ့ပို့ဆောင်ပေးလျက်ရှိ**

အဆိုပါ အခက်အခဲအား အမြန်ဆုံးဖြေရှင်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မတ် ၃၁ ရက် နံနက်ပိုင်းမှစတင်၍ မန္တလေး (ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနပိုင် “ပြဒါးရှင်” နှင့် “ပြည်သူ” ရေယာဉ်များဖြင့် ခရီးသည်များ အခမဲ့ပို့ဆောင်ပေးခြင်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ဒေသအတွင်းရှိ ပုဂ္ဂလိကပိုင် “Hey day”၊ “ရွှေဝါလှိုင်” နှင့် “သူရိန်ကျော်စိုးဝင်း” ကုန်တင်တွဲဆွဲ ရေယာဉ်ကြီးများဖြင့် ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ကယ်ဆယ်ရေး ယန္တရားအခမဲ့ယာဉ်ကြီးများအား မြစ်ကူးပို့ဆောင်ခြင်းကို နေ့စဉ်အခမဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ မြစ်ကူးပို့ဆောင်ခြင်းဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိ ၃ ရက်အတွင်း စုစုပေါင်းခရီးသည် ၇၉၄ ဦး၊ ကုန်တင်ယာဉ်ကြီး/ယန္တရား စီးရေ ၃၅၃ စီး၊ မော်တော်ယာဉ်ငယ် ၁၃၈ စီးနှင့် မော်တော်ဆိုင်ကယ် ၁၂ စီး တို့အား သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်းနှင့် မြစ်ကူးပို့ဆောင်ရေး လိုအပ်ချက်ရှိသည့်အတိုင်း ဆက်လက်၍ အခမဲ့စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam-bling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင်ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံ ပြည်နှင်လွှဲပြောင်းပေးသည်။



ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ပြည်ပနိုင်ငံသားများအားပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အထား၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၀၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၇၂၄ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်းနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် နံနက် ၅ နာရီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် ပြင်ဦးလွင်မှ မန္တလေးသို့ ကျော်စွာထွန်း မောင်းနှင်လာသည့် MITSUBISHI CANTER ခြောက်ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဂေါ်ဖီထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မော်တော်ယာဉ်အား ကျော်စွာထွန်းထံ အပ်နှံသူ တင့်လွင်မိုးအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ယူဆောင်သူများဖြစ်သည့် ရဲမင်း(ခ) နွားကြီးနှင့် မကေသွယ်မိုးတို့အား ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်းတွင် FOTON VIEW မော်တော်ယာဉ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများအား လက်ခံရယူသူ ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ) မောင်အောင်နိုင်(ခ)သားကြီးအား ပြည်ကြီးတံခွန်မြို့နယ် ၆၀ x ၁၀၇ လမ်းထောင့်ရှိ ဟိုတယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ)မောင်အောင်နိုင်(ခ)သားကြီးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်မည့် စောသန့်စင်(ခ)ကိုရဲနှင့် အောင်ကျော်လေး(ခ)ရဲမင်းအောင်တို့ နှစ်ဦးအား ပြည်ကြီးတံခွန်မြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ နှစ်ဦးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပို့ဆောင်ရန်လာရောက်လျက်ရှိသည့် လူအေးအား ချမ်းမြသာစည်မြို့နယ် ၁၁၀ လမ်း ၅၄ x ၅၅ လမ်းကြားရှိ လက်ဖက်ရည်ဆိုင်တွင် ဖမ်းဆီးရမိခဲ့ကာ ပုသိမ်ကြီးမြို့နယ် လက်ကောင်းရွာသစ်ကျေးရွာရှိ လူအေး၏နေအိမ်နှင့် ခြံဝင်းအတွင်းရှိ ALPHARD ယာဉ်ပေါ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ၏ ပိုင်ရှင်မှာ စိုင်းနေလင်းထွေး(ခ)လင်းထွေးဖြစ်ကြောင်း၊ စိုးစိုး(ခ)စိုင်းစိုးမြင့်၊ အောင်ကျော်လေး(ခ)ရဲမင်းအောင်နှင့် စောသန့်စင်(ခ)ကိုရဲတို့ထံ စိတ်ကြွရူးသွပ်ဆေးပြားများ လွှဲပြောင်းပေးခဲ့သူမှာ နော်မိန်း(ခ)အောင်နိုင်ဖြစ်ကြောင်း၊ စိုးစိုး(ခ)စိုင်းစိုးမြင့်မှ တင့်လွင်မိုး၊ အောင်စည်သူ၊ ကျော်စွာထွန်း၊ ရဲမင်း(ခ)နွားကြီးနှင့် မကေသွယ်မိုးတို့အား အဆင့်ဆင့် သယ်ဆောင်စေပြီး ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ)မောင်အောင်နိုင်(ခ)သားကြီးထံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ အလားတူ



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




အောင်ကျော်လေး(ခ)ရဲမင်းအောင်နှင့် စောသန့်စင်(ခ)ကိုရဲတို့ နှစ်ဦးမှလည်း နေမျိုးအောင် ချိတ်ဆက်ပေးသည့် လူအေးအား သယ်ဆောင်စေပြီး ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ)အောင်နိုင်(ခ)သားကြီးထံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဲခူးမြို့

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဟံသာဝတီရိုမြို့ကွက်ဖော်ထုတ်ရေးစီမံကိန်းအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၇-၄-၂၀၂၅ရက်(တနင်္လာနေ့) |
| **တင်ဒါအကြိုရှင်းလင်းမည့် ရက်/နေရာ** | - | ၁၁-၄-၂၀၂၅ရက်(သောကြာနေ့) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၂၂-၄-၂၀၂၅ရက်(အင်္ဂါနေ့) |
| **တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၂-၄-၂၀၂၅ရက်(အင်္ဂါနေ့) |
| **တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်** | - | ၂၃-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) |
| **လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့် နေရာနှင့်လျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်နေရာ** | - | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ပဲခူးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၇-၄-၂၀၂၅) ရက်မှ (၂၂-၄-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09-5195223, 09-426456233, 09-5086690,09-500782, 09-5370792

**တင်ဒါကော်မတီ**

## အရောင်းအဝယ်စာချုပ်ပျောက်ဆုံးခြင်း

မိတ္ထီလာမြို့ ဆင်စလွယ်ကျေးရွာဘုန်းကြီးကျောင်းအနီး ၄၀x၆၀ မြေကွက်အရောင်းအဝယ်စာချုပ်နှင့်ပုံစံ(၇) မိတ္တူ ပျောက်ဆုံးသွားပါ ဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးအောင်ကျော်ထွန်း ၆/ကရရ(နိုင်)၀၀၂၇၃၅**
**မြို့သစ်၊ မိတ္ထီလာမြို့ ဖုန်း-၀၉-၄၀၇၉၁၆၆၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၃၆၂/က၊ မြေကွက်တည်နေရာ အမှတ်- (၃၆၂/က)၊ သုတ(၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစုရွှေရန်း(ခ)ဦးတင်ညိမ်း(S/OKA-၁၀၁၈၆၁)၊ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ဦးတင်ညိမ်း(ဖခင်/အဘိုး/ယောက္ခထီး) နှင့် ဒေါ်တင်ရီ (မိခင်/အဘွား/ ယောက္ခမ)တို့ကွယ်လွန်ပြီး၊ သား/သမီး(၄)ဦးအနက် ဦးမြသိန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် (ဇနီး)ဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ(၁၂/ဥကတ(နိုင်)၀၄၁၈၈၆)မှလည်းကောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်ကျင်အေးနှင့်ခင်ပွန်းဦးယုံရွှေတို့ကွယ်လွန်သဖြင့် ဒေါ်ကျင်အေး၏အစုအတွက် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်ခင်ဦး(၁၂/ဥကတ(နိုင်)၁၃၇၅၀၈)မှလည်းကောင်း၊ သမီးတစ်ဦးဖြစ်သူ ဒေါ်ကျင်ရန်နှင့် ခင်ပွန်းဦးပျော့(ခ)ဦးဖျော့တို့ကွယ်လွန်သဖြင့် ဒေါ်ကျင်ရန်၏အစုအတွက်သား/သမီးများဖြစ်ကြသော ဒေါ်အေးအေးခိုင်နှင့် ဒေါ်စန်းစန်းနု(အပျိုကြီးဘ၀)ဖြင့် ကွယ်လွန်ကြပြီး ကျန်ရှိသား/သမီးများဖြစ်ကြသော ဒေါ်နုနုအောင်(၁၂/ဥကတ(နိုင်)၀၄၁၈၅၀)၊ ဒေါ်မူမူအောင်(၁၂/ဥကတ(နိုင်)၁၅၂၇၄၇)၊ ဦးရန်မျိုးအောင်(၁၂/ဥကတ(နိုင်) ၁၉၀၅၆၀)တို့မှ အမည်ပေါက်၏ ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်ကျင်ရွှေ(၁၂/ဥကတ(ဧည့်)၀၀၀၁၅၃)နှင့် ပူးတွဲ၍ သား/သမီး/မြေး/မြွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




# အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းများမှတစ်ဆင့် တင်သွင်း/တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၂-၄-၂၀၂၅)၊ (၁၅-၄-၂၀၂၅)၊ (၁၉-၄-၂၀၂၅)ရက်တို့တွင် ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနှစ်ဆန်း(၁)ရက်မှအပ ကျန်ရုံးပိတ်ရက်များတွင် အချိန်ပို (Overtime)လျှောက်ထားလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အချိန်ပို(Overtime)ဆောင်ရွက်လိုသောကုမ္ပဏီများအနေဖြင့်တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေ လုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၁-၄-၂၀၂၅)ရက် (၁၄:၀၀) အချိန်ထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို(Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃)ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ ထို့အပြင် အရေးပေါ် COVID ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီး တင်သွင်းလာသော ပစ္စည်းများထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက ကုန်ပစ္စည်းထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | ဖုန်း-၀၉-၇၈၄၇၀၇၀၄၀ |
| (ခ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | ဖုန်း-၀၉-၅၁၄၉၃၁၁ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | ဖုန်း-၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | ဖုန်း-၀၉-၄၄၅၁၀၇၉၆၉၈ |
| (င) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | ဖုန်း-၀၉-၂၀၃၁၆၇၁ |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | ဖုန်း-၀၉-၅၀၅၈၇၉၂ |

**အကောက်ခွန်ဦးစီးဌာန**




## ဖခင်အမည်မှန်

တောင်ငူမြို့ ၊" T Jame" ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ G-11 မှ နော်မူယယ်ထူး (၃/သတက (နိုင်)၀၃၀၉၅၈)နှင့် အထက(၁) မြို့မကျောင်းခွဲ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ G-7 မှစောရွှမ်းမင်းထူး (၃/သတက(နိုင်)၀၃၁၉ ၉၂)တို့၏ ဖခင်အမည်မှန်မှာ စောမြမဲ(၃/သတန(နိုင်) ၀၀၀၀၀၇)ဖြစ်ပါကြောင်း။

**စောမြမဲ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉-၃-၂၀၂၅)နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)တွင် ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်တွင်ဖော်ပြထားသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာသီရိ (၃)လမ်း၊ မြေကွက်အမှတ် (၅၃၅)၏ နှစ်(၆၀)ဂရန် အမည်ပေါက်ကို ဦးသန်းဦး (CE-၀၃၀၂၄၉) အစား ဒေါ်သန်းဦး (CE-၀၃၀၂၄၉) ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက်တန်းကျောင်း(ခွဲ)စက်ရုံစုမှ ကျောင်းဝင်အမှတ်(၁၅၆/၁၈) (ဘ) ဦးမောင်ခင်ဝင်း ၁၁/မပန(နိုင်) ၀၆၇၉၆၉ ၏ သမီးဖြစ်သူ Grade-9 မှ မမေသန်းနုနှင့် မမေသန္တာမှာ အိမ်ထောင်စုစာရင်းအရ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မမေသန္တာ**

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

**လူမှုခွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁(က)အရ**

MYANMAR HONGMEN INTERNATIONAL CO.,LTD

**(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**" MYANMAR HONGMEN INTERNATIONAL CO.,LTD "**(ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှစာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်နှင့်အချိန်** | ။ ။ | ၂၀၂၅ခုနှစ်၊ မေလ (၁)ရက် နံနက် (၁၀)နာရီ |
| **ကျင်းပမည့်ပုံစံ** | ။ ။ | **Online Meeting** |

**ဦးအီနစ်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MYANMAR HONGMEN INTERNATIONAL CO.,LTD**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဂက်ဝံ (အ.ထ.က)၊ Grade-7တွင် ဖြေဆိုခဲ့သောမောင်အာကာထွန်း၏ ဖခင်အမည်မှန်မှာ ဦးရီခီရမ်း (၉ /မမန(နိုင်)၀၈၆၀၂၉ ) ဖြစ်ပါကြောင်း။

**ဦးရီခီရမ်း**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/31634 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကျီကြီးအုပ်စု၊ စစ်ကွင်းကျေးရွာနေ ဒေါ်သန်းသန်းဆွေ ၁၄/အဂပ(နိုင်)၂၄၄၇၇၀မှ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်တောင်ကျေးရွာအုပ်စု၊ ဘဲအင်းတောထဲစုကျေးရွာနေ ဒေါ်အေးကြူ ၁၄/အဂပ(နိုင်)၀၂၅၀၄၀အား အင်္ဂပူမြို့နယ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၌ ၁၅-၃-၂၀၂၂ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁/၂၀၂၂) အားပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဆွေ(ဘ)**
**ဦးမြင့်စိန် ၁၄/အဂပ(နိုင်) ၂၄၄၇၇၀**
**ကျီကြီးအုပ်စု၊**
**စစ်ကွင်းကျေးရွာ၊ အင်္ဂပူမြို့နယ်၊**
**မြန်အောင်ခရိုင်၊**
**ဧရာဝတီတိုင်းဒေသကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/2752 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်(မူလွန်) တောင်ဖလု Grade-7မှ ဦးမြင့်ဦး၏သမီး မဒေဝီချမ်း၏ မိခင် ဒေါ်အေးချို၏ အမည်မှန်မှာ ဒေါ်အေးအေးချို ၁၀/သဖရ(နိုင်)၁၄၀၁၇၁ ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

